
စိတ်ကူးချိုချိုအနုပညာ


# ဆင်ဖြူကျွန်းအောင်သိန်း

## သွေးစွန်းသောလက်



mgyoe.com

"သွေးစွန်းသောလက်" သည်
ဆင်ဖြူကျွန်းအောင်သိန်း၏
ထူးခြားသော စာအုပ်တစ်အုပ် ဖြစ်သည်။
ဤစာအုပ်တွင်
အလုပ်သမားများနှင့် အလုပ်ရှင်တို့၏
ဆက်ဆံရေး၊ ပဋိပက္ခနှင့် ဘဝတို့ကို
အနုစိတ်ခြယ်မှုန်းပြရုံမက၊
အလုပ်ရှင်၊ အလုပ်သမားပြဿနာ၏
ထွက်လမ်းကိုပါ ဖော်ပြထားသည်။
ဤစာအုပ်ကို အပိုင်းကြီး သုံးပိုင်း၊
အခန်းသွယ်များစွာဖြင့် ရေးဖွဲ့ထားသည်။
ဘဝသရုပ်ဖော်စာအုပ် ဖြစ်လင့်ကစား
လေးလံ ထိုင်းမှိုင်းခြင်းမရှိဘဲ
ခံပြင်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်း၊
ကျေနပ်အားရခြင်းတို့ဖြင့် စာရှုသူတို့အား
အစမှအဆုံး ညှို့ခေါ်သွားမည့် စာအုပ်တစ်အုပ်ဟု
မှုလထုတ်ဝေမှုတွင်
ညွှန်းဆိုထားသည်။



ISBN 9789997119032
SPK30
9 789997 119032
2,300.00KS

mgyoe.com

သွေးစွန်းသောလက်၊ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၀၃+ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၆၊ နလုံးလှစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

သို့စဉ်တွင်...
အင်အားလေးဆယ့် များပြားသော
လူ့အုပ်ကြီးသည် တောင်ခြေမှ တက်လာကြပြန်၏။
အဘိုးကြီးလည်း ပါ၏။ အဘွားကြီးလည်း ပါ၏။
သားသည်အမေလည်း ပါ၏။ ကလေးတွေလည်းပါ၏။
အပျိုအရွယ်လေးတွေလည်း ပါ၏။ သူတို့၏ ခေါင်းပေါ်တွင်
ရေအိုးကိုယ်စီ ပါ၏။ လက်ထဲတွင် ဆေးလိပ်၊ မီးခြစ်၊
ပဲကြီးလှော်၊ ကြံသကာ၊ မြေပဲလိပ်၊ ထန်းလျက် စသော
သရေစာထုပ်တွေလည်း ပါ၏။

"မတရားတဲ့ အလုပ်ရှင်"
"အလိုမရှိ"
"ဖက်ဆစ်စနစ်"
"ပျက်စီးပါစေ"
"လူမိုက်ဝါဒ"
"ကျဆုံးပါစေ"

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## သွေးစွန်းသောလက်

"သွေးစွန်းသောလက်" သည် ဆင်ဖြူကျွန်းအောင်သိန်း၏ ထူးခြားသော စာအုပ်တစ်အုပ် ဖြစ်သည်။ ဤစာအုပ်တွင် အလုပ်သမားများနှင့် အလုပ်ရှင်တို့၏ ဆက်ဆံရေး၊ ပဋိပက္ခနှင့် ဘဝတို့ကို အနုစိတ်ခြယ်မှုန်းပြရုံမက၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာ၏ ထွက်လမ်းကိုပါ ဖော်ပြထားသည်။

ဤစာအုပ်ကို အပိုင်းကြီး သုံးပိုင်း၊ အောက်ပါ အခန်းသွယ်များစွာ ဖြင့် ရေးဖွဲ့ထားသည်။

**"လမ်းဆုံလမ်းခွ၌ တိုက်မိုက်ခြင်း။ သူလည်း ပုဆိန်ရိုးပင်။ အစတစ်စကို ဆွဲသည်တွင်။ သစ္စာတရားကို မှောင်ချရန် အားထုတ်ခြင်း။ မုန့်တစ်ဖဲ့။ ရာဇဝတ်ကောင်။ အခွင့်အလမ်း။ ချစ်သူတို့၏ မျက်နှာများ။ မြက်ပင်ကလေးများ စိမ်းလေပြီ။ အပြုံးနှင့်အမည်း။ မီးနှင့်ကစားခြင်း။ ကျော့။**

mgyoe.com

mgyoe.com



**ညချမ်းတိုက်ပွဲ။ နောက်ဆုံးတိုက်ပွဲ။ ကျိန်စေချင် ကျိန်ပါ့မယ်။ ဟုန်းစနဲ့ ထတောက်ခြင်း။ လက်တုံ့ပြန်လေပြီ"**

ဘဝသရုပ်ဖော်စာအုပ် ဖြစ်လင့်ကစား လေးလံ ထိုင်းမှိုင်းခြင်းမရှိဘဲ ခံပြင်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်း၊ ကျေနပ်အားရခြင်းတို့ဖြင့် စာရှုသူတို့အား အစမှအဆုံး ညို့ခေါ်သွားမည့် စာအုပ်ကောင်း။

◆

mgyoe.com

mgyoe.com

# ပထမပိုင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လမ်းဆုံလမ်းခွ၌ တိုက်ခိုက်ခြင်း

သွားချည်ပြန်ချည် အလုပ်များနေသော ဒီရေသည် ဓနုဗလ ဆန်စက်ဆိပ်ကို ဦးခိုက်ပြီးနောက် ပင်လယ်ဘက်သို့ စီးဆင်းသွားလေ၏။ သွယ်ဖြိုင်သော မီးခိုးသည် တိမ်ယံခြားသို့ တလွင့်လွင့် မြူးကြွား တက်ပျံလေသည်။

စူးဝါးသော ဥသြသံ ထွက်ပေါ်လာ၏။

ဟိန်းဟိန်းအုပ်အုပ် မြည်ညံနေသော စက်သံသည် ရုတ်ခြည်း ရပ်ဆိုင်းသွားကာ စက်ရုံတွင်းမှ လူအုပ်ကြီး အန်ထွက်လာလေသည်။

နွမ်းနယ်သောကိုယ်၊ ပေကျံညစ်ထေးနေသောကိုယ်ကိုဆောင်သည့် အလုပ်သမားများသည် မိမိတို့၏ နားနေရာ ရိပ်ခန်းသာများသို့ သူ့ထက်ငါကောင်း အသော့နှင်လျက် ထွက်ခွာလာကြ၏။ အချို့သည် တစ်ဦးနှင့်တစ်ဦး စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောလာကြသည်။ အချို့လည်း တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်လာကြ၏။ သို့တစေ သူတို့၏ မျက်နှာသွင်ပြင်၌မူ တကယ်တမ်း ရွှင်ပျခြင်း၏သင်္ကေတာန်က ရောက်ရှိမလာပေ။

သူတို့သည် စက်ရုံမှနေ၍ မိမိတို့အလုပ်သမား ရပ်ကွက်ကလေး

mgyoe.com

mgyoe.com


သို့ လျှောက်လာခဲ့ကြရာတွင် ဓနဖလဆန်စက် အလုပ်သမားများအသင်း ဟူသော ဆိုင်းဘုတ်တပ်ဆင်ထားသည့် တဲငယ်တစ်ခုရှေ့မှ ဖြတ်သန်းသွားကြလေသည်။

အချို့သည် ထိုအသင်းတိုက် တဲငယ်ကို အမှတ်မဲ့ပင် ကျော်လွန်သွားကြ၏။

အချို့သော်ကား အသင်းတိုက် တဲငယ်ကို လှည့်၍ကြည့်ကြပါ၏။ သို့သော် သစ်ပင်တစ်ပင်၊ တဲအိမ်တစ်လုံးကို ကြည့်မြင်သော သာမန်ကြည့်ခြင်း မြင်ခြင်းထက် ပိုလွန်ဟန်မရှိပေ။

**ဓနဖလဆန်စက် အလုပ်သမားများအသင်း**

ဤဆိုင်းဘုတ် ချိတ်ဆွဲထားရာ အသင်းတိုက်သည် ကျူဖျာကာ ဓနိမိုး တဲငယ်တစ်ခုသာ ဖြစ်၏။

တစ်ချိန်ကမူ...

ဆန်စက် အလုပ်သမားများသည် ဤတဲငယ်ကို သန်မာပြိုင်းရိုင်းသော လက်ရုံးအစုံဖြင့် ကြီးမားသော မျှော်လင့်အားထားမှုကို ရင်ဝယ်ပိုက်ကာ စုပေါင်း တည်ဆောက်ခဲ့ကြပေသည်။

ယခုသော်ကား အမိုးကြက်နင်းသည် တံစက်မြိတ်မှ လျှောကျကာ မြေပြင်နှင့် ထိလုနေပေပြီ။ အမိုးသည်လည်း လွင့်ဖွာစုတ်ပေါက် နေလေပြီ။ အကာဖြစ်သော ကျူဖျာများသည် နှီးချက်ပြုတ်သည့် နေရာက ပြုတ်၍ မြေသက်ကွာကျသည့်နေရာက ကျနေပေပြီ။

အဖြူရောင်အောက်ခံတွင် အနက်စာလုံးများ ရေးသားထားသော ဆိုင်းဘုတ်မှာ တစ်ဖက်တစ်ချက် အပေါ်ထောင့်စွန်းများတွင် ခြောက်သွေ့နေသော သပြေပန်းတစ်ခက်တလေ ရှိနေသေးသည့်တိုင်အောင် ဆိုင်းဘုတ်ကိုယ်ထည်မှာမူကား မိုးဒဏ်လေဒဏ်နှင့် ကြာညောင်းဟောင်းမြင်း

mgyoe.com

mgyoe.com


မှု ဒဏ်တို့အပြင် လူ့လက်ဖြင့် ပြုပြင်ထိတွေ့မှုတို့ ရှည်မြင့်စွာ ကင်းဝေးခဲ့သည့်အတွက်တို့ကြောင့် သစ်သားပေါင်တစ်စွန်းသည် ဆိုင်းကြိုးနှင့် ငြိကျန်ခဲ့ကာ သံပြားမှု ဖက်ရွက်တစ်ခုသဖွယ် လိပ်ခွေလျက် စောင်းဆင်းနေချေ၏။

ထို့ကြောင့် ဓနဗလဆန်စက် အလုပ်သမားများအသင်း၏ အသင်းတိုက်သည် ဓနဗလဆန်စက် အလုပ်သမားများနှင့် ရှည်ဝေးစွာ ကင်းကွာနေခဲ့ကြောင်းကို ပြယုဂ် ထင်စေခဲ့ရုံသာမက၊ တင့်ရွှန်းသော သစ်ဦးသော တက်ကြွသော မျှော်လင့်ချက်ကိုလည်း မပေးနိုင်တော့ပါပြီ။

တစ်နေ့တာ ကုန်ဆုံးလုလု ဤကာလဝယ် အသင်းတိုက်သည် ၎င်း၏အသင်းသားများအတွက် အမောဖြေရာ၊ ချွေးသိပ်ရာ ကွန်းရိပ်ဖြစ်သင့်ပါ၏။

ယခုမူ မြက်သစ်ပင်နှင့် ချုံနွယ်တို့ ယှက်ရစ်နေရာ အသင်းတိုက်ပျက်ကြီးသည် မကောင်းသောရုပ်ဖြင့် ခြောက်လှန့်နေသကဲ့သို့ ရှိတော့သည်။

ဤအသင်းတိုက် အပျက်အအိုအတွင်းဝယ် တက်ကြွသောအလုပ်သမားခေါင်းဆောင် မည်မျှတို့၏ ဝိညာဉ်များ ခိုအောင်းနေလေသနည်း။

လုပ်သားတို့အတွက် သစ္စာတရားကို မြေဝယ်မကျ ပန်ဆင်သော လုပ်သားသူရဲကောင်း မည်မျှနှင့် ၎င်းတို့၏ မိဘဆွေမျိုး၊ မည်မျှတို့၏ ဝိညာဉ်သည် ဤတဲအိုတွင်း၌ ငိုကြွေးနေကြသနည်း။

တဲအိုကြီးကတော့ ကျက်သရေမဲ့ လှပါဘိသည်။

ထို့အတူ တဲရှေ့မှဖြတ်၍ လျှောက်သွားကြသော အလုပ်သမားတို့၏ အသွင်ကလည်း တက်ကြွမှု ကင်းလှပါဘိသည်။

အလုပ်သမားများသည် တဖြည်းဖြည်းစဲသွား၏။ စကား ပြောသံများဖြင့် ဆူညံနေခဲ့သေးသော အသင်းတိုက်ရှေ့ရှိ လမ်းကလေးမှာ လုံးဝ

mgyoe.com

mgyoe.com


တိတ်ဆိတ်သွားလေ၏။ တဲအိုသည် တစ္ဆေအိမ်သဖွယ် ပကတိ ငြိမ်သက် တိတ်ဆိတ် ကျန်ရစ်ခဲ့ပါတော့သည်။

မကြာမီ လူနှစ်ယောက်သည် တဲအိုရှေ့ လမ်းဆီသို့ ရှေးရှုလျက် စကားတပြောပြောဖြင့် လျှောက်လာကြပြန်ပေသည်။

တစ်ယောက်မှာ ဖြူဖြူပိန်ပိန် အရပ်မြင့်မြင့်နှင့် မည်သည့်ကိုမျှ အလေးအနက် မထားတတ်သည့် မျက်လုံးကိုဆောင်သော ဘောင်းဘီ ဖင်ကျပ်၊ ချယ်ရီသားတုတ်၊ ပင်လယ်အုန်းဆေးတံ အစရှိသည်တို့ဖြင့် တန်ဆာဆင်ထားသည့် ဓနဗလဆန်စက် မန်နေဂျာ ဗလသောင်း ဖြစ်၏။ အသက်သုံးဆယ်ရွယ် လူငယ်တစ်ယောက်လည်း ဖြစ်၏။

သူနှင့်တွဲ၍ လျှောက်လာသူမှာ ပါး၊ ပခုံးနှင့် ကျောပြင်တို့တွင် ဖွဲပြာများပေကျံနေသော အလုပ်သမား ကျော်ဒင်ဆိုသူ ဖြစ်၏။ ကျော်ဒင် သည် အလုပ်ကြမ်းသမားပီပီ ညိုသောအသားရှိ၏။ ပုအိုက်သည် ထင်ရ သော်လည်း ဗလသောင်းနှင့်ကား အရပ်ချင်းညီ၏။ ကားသောမေးရိုးကြီး များနှင့် စူးရှပြောင်လက်သောမျက်လုံး ရှိ၏။ အသက်မူ ဗလသောင်းနှင့် တန်းတူပင် ဖြစ်ပေသည်။

"အတိုးပေးဆိုရင် ပေးပါ့မယ် မန်နေဂျာကြီးရယ်၊ အိမ်မှာ အသုံး ပြတ်နေလို့ပါ"

ကျော်ဒင်က ဗလသောင်း၏ မျက်နှာကို ကွက်ခနဲ လှမ်းကြည့်ရင်း ပြော၏။

ဗလသောင်းမှာ အဝေးတွင် ပျောက်ကွယ်သွားသော ကားလမ်း ကြီးကို ငေးမောကြည့်ရင်း လျှောက်လာရာက ကျော်ဒင့်စကားကြောင့် ကျော်ဒင်အား လှည့်ကြည့်လိုက်ရတော့သည်။

"ဒီစကားမျိုးကိုတော့ မသုံးပါနဲ့ကွာ။ မပါလို့ မပေးတာပါ။ မင့်ဆီက အတိုးရတော့ကော ဒီအတိုးဟာ ငါ့အတွက် ဘယ်လောက်

mgyoe.com

mgyoe.com



များ အသုံးကျမှာလဲ။ အေး...မင့်အဖို့တော့ များချင်များမှာပေါ့"

"စိတ်မရှိပါနဲ့ဗျာ။ ကျွန်တော်လည်း ကျပ်လွန်းလို့ မန်နေဂျာ ကြီး ချေးချင်လာအောင် ပြောတာပါ"

ကျော်ဒင်က ခေါင်းငုံ့လျက် တောင်းပန်၏။ ဗလသောင်းက တုံ့ရပ်လိုက်ကာ ကျော်ဒင်၏ပခုံးကို ပုတ်၍ ပြောသည်။

"အတိုးမပေးပါနဲ့ကွာ။ အင်မတန် ကျပ်နေတယ်ဆိုရင်တော့ ငါ့အိမ်ကိုလိုက်ယူ။ အခုတော့ ငါ့အိတ်ထဲမှာ ငါးပြားပဲ ပါတယ်"

ကျော်ဒင်သည် ဗလသောင်းအား မော့ကြည့်၏။ နောက် တဲအိမ်များဖြင့် ပြည့်ကျပ်နေသော လုပ်သားရပ်ကွက်ဆီ မျှော် ကြည့်၏။

"ကျေးဇူးတင်လိုက်တာ မန်နေဂျာကြီးရယ်။ ညကျမှ လာခဲ့ ပါရစေ။ အခုတော့ အမေ မျှော်နေမှာစိုးလို့ပါ"

"အေး...လာခဲ့။ ငါ ကနေ့ည ဘယ်မှ မသွားဘူး။ ကဲ...သွား မယ်ဟေ့"

မန်နေဂျာ ဗလသောင်းက ပြောပြောဆိုဆိုဖြင့် လမ်းဘေးရှိ ဆင်ငိုမြက်ဖုတ်တစ်ခုကို တုတ်ဖျားဖြင့်ရိုက်ရင်း လမ်းခွဲကလေးအတိုင်း ထွက်ခွာသွားလေ၏။

ကျော်ဒင်သည် အခက်အခဲကို ယာယီအနေဖြင့် ဖြေရှင်းနိုင်ပြီ ဖြစ်သည့်အတွက် အတန်မျှ နေသာထိုင်သာ ရှိသွားဟန်ရှိ၏။ သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် ခေါင်းငိုက်စိုက်ချလျက် ဆက်လက် လျှောက်ပေသည်။

ကျော်ဒင်၏ရှေ့ဝယ် လုပ်သားရပ်ကွက်က မှုန်ကုပ်သိမ်ငယ် စွာဖြင့် ရှိနေ၏။

ရပ်ကွက်အစွန်သို့ရောက်ရန် ကိုက်တစ်ရာခန့် အလိုတွင် မြေနီ လမ်းကျယ်တစ်ခုသည် လာရောက်ဖြတ်သန်းသွား၏။

mgyoe.com

mgyoe.com



ထိုလမ်းဆုံသို့ ကျော်ဒင် ရောက်လာသည့်အခါတွင် လူသုံးယောက်က လမ်းဘေးတွင် စီတန်းရပ်လျက် ကျော်ဒင်အား စောင့်ကြိုနေကြသည်။ ကျော်ဒင်သည် ငုံ့စိုက်လျက် လျှောက်လာရာက "ဟေ့"ဟူသော အသံကြားရ၍ မော့ကြည့်မိသည်နှင့်တစ်ပြိုင်နက် ဒုတ်ခနဲ ပြင်းထန်သော လက်သီးတစ်လုံးက မေးရိုးကို ဝင်ဆောင့်လေသည့်အတွက် ဖင်ထိုင်လဲကျသွားလေ၏။

ကျော်ဒင်မှာ သတိကောင်းသောကြောင့်သာ လက်နှစ်ဖက် လှမ်းထောက်ထားလိုက်နိုင်ကာ နောက်စေ့နှင့်မြေပြင် မရိုက်မိဘဲ ရှိတော့သည်။ သူက မြေပြင်နှင့်လက်နှင့် ထောက်မိပြီး မရှေးမနှောင်းပင် လျင်မြန်စွာမော့ကြည့်၏။

သူ့အား ဆိုင်းမဆင့် ဗုံမပါဘဲ ဆီးထိုးသူကို သူမသိပေ။ လူစိမ်းတစ်ယောက်သာ ဖြစ်သည်။ သို့သော် ထိုသူ၏အနီးတွင် ရပ်နေသော လူနှစ်ယောက်အနက်မှ တစ်ယောက်ကိုကား သူသိသည်။ သူတို့စက်မှ မေဆရာ ဖြစ်ပေ၏။

"ဟေ့...ဘအောင်။ မင့် အပေါက်က ဘာအပေါက်လဲကွ"

ကျော်ဒင်က ဖုတ်ဖက်ခါထရင်း ဒေါသဖြင့်မေးကာ မေဆရာ ဘအောင်ရှေ့သို့ လျှောက်လာ၏။

"ငါ ထောင်က လွတ်လာလို့ နှုတ်ဆက်တာလေကွာ။ ဟဲဟဲ"

ဘအောင်၏ မျက်နှာထားမှာ အလုပ်သမားရဲဘော်အချင်းချင်း၊ သူငယ်ချင်းအချင်းချင်းကို ချစ်ကျီစယ်ရာ၌ထားသော မျက်နှာထား မဟုတ်ပေ။ အာဃာတတရား၊ ကောက်ကျစ်သောစိတ်ထားတို့ကို အထင်းသား ဖော်ပြနေသော မျက်နှာဖြစ်၏။ ညိုသောအသားပေါ်ဝယ် တိုနံ့နံ့မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးတို့ လွှမ်းနေသောကြောင့် အကျည်းတန်သည်မှာ မပြောပလောက်သော်လည်း ဒေါသအာဃာတနှင့် မုန်းတီးခြင်း

mgyoe.com

mgyoe.com



တို့ကို ဖော်ပြနေသည့်အတွက်ကား လွန်စွာ ကျက်သရေကင်းနေပေတော့၏။

"ထောင်က လွတ်လာတာ"

ကျော်ဒင်က ဘာမျှ နားမလည်သော အသိဖြင့် ရေရွတ်လိုက်ရာ ဘအောင်က ဒေါသတကြီး မေးလေသည်။

"အေး...စိန်ခိုတို့ နေသွားတဲ့ တဲကလေးထဲမှာလုပ်တဲ့ ငါတို့ ဖဲဝိုင်းကို ပုလိပ်ဖမ်းသွားတာလေ၊ မင်း မှတ်မိသေးလား"

"ဒါနဲ့ ဘာဆိုင်လဲ"

"ဟား...ဟား၊ လူလည်မလုပ်ချင်ပါနဲ့ ကျော်ဒင်ရာ။ ဒီဥစ္စာ ရဲကို မင်းသွား သတင်းပေးတာမဟုတ်လား။ တစ်ကြိမ်နဲ့ အရေးမယူတော့ နှစ်ကြိမ်၊ နှစ်ကြိမ်နဲ့ အရေးမယူတော့ သတင်းစာထဲ ထည့်လို ထည့်နဲ့ လုပ်တာ၊ မင်းဆိုတာ ငါမသိဘူး ထင်နေသလား။ ဟင်း... ဘအောင်ကို ဒီလို လူလည်လုပ်လို့ မရဘူးမှတ်ထား"

"ဒါဟာ မင်း ငါ့ကို သက်သက် အထင်လွဲတာပဲ။ ငါဟာ ကိုယ့်ဘဝတူ အလုပ်သမားချင်းချင်းကို ဘယ်တော့မှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ဘူးဟေ့"

"နစ်နာအောင်တော့ မလုပ်ဘူး။ ပုလိပ်ကိုပဲ တိုင်တယ်၊ ဒီလိုလား"

ထိုသို့ ထပ်ဆင့်ပြောလိုက်သူကား ဘအောင် မဟုတ်ပေ။ ဘအောင်၏ အဖော်နှစ်ယောက်ထဲမှ တစ်ယောက်သောသူ ဖြစ်၏။

ကျော်ဒင်က ထိုသူကို ဆတ်ခနဲ လှည့်ကြည့်သည်။ ထိုသူကား ကျော်ဒင်ကို ဘုမသိ ဘမသိ ဝင်ထိုးသူပေတည်း။

"မိတ်ဆွေက ဘယ်ကလဲ။ ကျုပ်တို့အလုပ်သမားထဲကတော့ မဟုတ်ဘူး။ ကျုပ်တို့ သူငယ်ချင်းအချင်းချင်းထဲမှာ ခင်ဗျား ဝင်မရှုပ်ပါနဲ့ဗျာ"

mgyoe.com

mgyoe.com



"ဟ…ရှုပ်တော့ ဘာဖြစ်လဲကွ။ မင်းက လက်သီး လိုချင်ပြန်ပြီလား"

ထိုမျက်နှာစိမ်းက စီးစီးနင်းနင်း ပြောရုံဖြင့် မပြီးသေးဘဲ ပါးရိုက်တော့မယောင် လက်ဝါးကြီးပါ ရွယ်မိုးလာပြန်သည့်အတွက် ကျော်ဒင်၏စိတ်မှာ ထောင်းခနဲ ပြတ်ထွက်သွား၏။

တစ်ပြိုင်နက်ပင် ထိုသူမှာ အင့်ခနဲ မြည်လျက် ကုန်းငိုက်သွားစဉ် ကျော်ဒင်က ဒူးရောလက်သီးပါ ထိုလူစိမ်းလူကျယ်၏ မျက်နှာနှင့် ရင်ဘတ်သို့ စုပြုံပစ်သွင်းလိုက်လေ၏။ ထိုသူ လဲကျအိပ်ပျော်သွားသည့် အချိန်တွင် ဘအောင်နှင့် ကျန်တစ်ယောက်က ကျော်ဒင်ကိုဝိုင်း၍ အမဲဖျက်ကြတော့သည်။

နှစ်ယောက်နှင့်တစ်ယောက် ဖြစ်သည်ကား မှန်၏။ သို့သော် ကျော်ဒင်လို အသောက်အစားနှင့် ကစားကင်းသော အလုပ်ကြမ်းသမားတစ်ယောက်အား ကျန်လူစိမ်းနှင့် အရက်ဖဲထဲမှာသာ နစ်မျောနေသော ဘအောင်တို့က မဖိနိုင်ပေ။ ကျော်ဒင်၏ လက်သီးချက်တိုင်းသည် သံတူကြီးတစ်လုံးမျှ ပြင်းထန်ပေ၏။

သို့စဉ်တွင် ကျော်ဒင်မှာ မေ့လဲနေသူအား ခလုတ်တိုက်လဲကျသွားသည့်အတွက် ဘအောင်၏အဖော်က ခွစီးကာ ခါးကြားမှ မောင်းချဓားကိုထုတ်၍ ထိုးရန်ရွယ်လိုက်သည်တွင် သေနတ်သံတစ်ချက်က သူတို့၏ ကျောဘက်မှာ ပေါ်လာသဖြင့် တုံ့ဆိုင်းသွားလေ၏။

"ဓားချလိုက်စမ်း"

ခက်ထန်သောအသံ ဖြစ်သည်။ သို့သော် မိန်းမသားတစ်ယောက်၏အသံ ဖြစ်သည်။

"ပြောနေတာ မကြားဘူးလား။ ဓားကို အခုချလိုက်"

ဓားသမားသည် ဓားကိုလွှတ်ချ၍ အသံရှင်အား လှည့်ကြည့်လိုက်

mgyoe.com

mgyoe.com


သည့်နည်းတူ ဘအောင်မှာလည်း အသံလာရာသို့ လှည့်ကြည့်မိ၏။

"ဟင်...မမလေး"

လှပငယ်နုသော မိန်းမပျိုတစ်ယောက်သည် သူ၏ တပ်မက်မောဖွယ်၊ နှစ်လိုဖွယ်ရာကောင်းခြင်းနှင့် ဆန့်ကျင်သော ၃၈ ဘို့ ခြောက်လုံးပြူးကလေးတစ်လက်ကို ကိုင်ထား၏။ သေနတ်ပြောင်းဝသည် ဘအောင်အား ဦးတည်ထားသည်။

"ရှင်တို့ ဒါဘာလုပ်တာလဲ"

"ကျွန်တော်တို့..."

ဘအောင်သည် လုံချည်ပြင်ဝတ်ကာ ပါးစပ်မှ သွေးစများကိုသုတ်ရင်း စကားစရှာမရ ဖြစ်နေ၏။

"လူတစ်ယောက်ကို သုံးယောက်က ဝိုင်းထိုးနေတာ ကျွန်မအဝေးကြီးက လှမ်းမြင်တယ်။ ကိုဘအောင် ရှင်ဟာ ဧရာမ မဟာသူရဲကောင်းကြီးပဲနော်"

မိန်းမပျိုက သရော်သော မျက်နှာထားဖြင့် ဆိုလေသည်။

"ထိုးတာမဟုတ်ပါဘူး မမလေးရဲ့။ ဒီကောင် မလိမ္မာလို့ ဆုံးမတာပါ"

"ဘာရှင့် ဆုံးမတာ။ ဩော်...ဆုံးမတာ"

အမျိုးသမီးက သွားတက်ကလေးများ ပေါ်လာအောင် ပြုံးလိုက်ပြီးမှ "ဩော်...ဆုံးမတာ ဟုတ်လား"ဟု မေးလေသည်။

သူက သရော်သလို လှောင်သလိုလုပ်ပြီး မေးသည့်အတွက် ဘအောင်မှာ မည်သို့ဖြေရမည်မသိ ဖြစ်သွား၏။ အမျိုးသမီးက အပြုံးရပ်လိုက်သည်။

"ဆုံးမရအောင် သူက ရှင့်လက်အောက် ငယ်သားလား။ ပြီးတော့ သူ့ကို ဆုံးမရအောင် သွန်သင်ရအောင် ရှင့်မှာ ကိုယ်ကျင့်သိက္ခာတရား

mgyoe.com

mgyoe.com


ဆိုတာ ရှိသလား"

"သူက သူက ဟို"

"တော်ပါ ကိုဘအောင်။ လူတစ်ယောက်ကို စော်ကားတာပဲ ရိုးရိုး ဝန်မခံဘဲ ဆုံးမတာလေး ဘာလေးနဲ့၊ ထပ်ပြီး မစော်ကားချင်ပါနဲ့"

"စော်ကားတာမဟုတ်ပါဘူး မမလေး"

"တော်ပြီ ကိုဘအောင်၊ ရှင်သွားတော့ ဟုတ်လား။ ကဲကဲ... ဟောဒီ လမ်းနဲ့ ဟောဟိုလမ်း ကြိုက်ရာလမ်းကိုကြွ"

အမျိုးသမီးက သေနတ်တယမ်းယမ်းဖြင့် ညွှန်ပြသည်တွင် ဘအောင်မှာ ဆက်လက်ဆင်ခြေမပေးရဲတော့ဘဲ စက်ရုံဆီသွားရာ လမ်းဘက်သို့ အဖော်နှစ်ယောက်နှင့်အတူ ထွက်ခွာသွားလေ၏။

ကျော်ဒင်သည် အမျိုးသမီးကိုတစ်လှည့်၊ ခပ်လှမ်းလှမ်းတွင် ရပ်ထားသော မေဖလားဝါး ကားနက်ကလေးကိုတစ်လှည့် ကြည့်ရင်း ဤမိန်းမငယ်ကား မိမိတို့ ဓနဗလဆန်စက်ပိုင်ရှင် ဦးစိတ်ကောင်း၏ တစ်ဦးတည်းသောသမီး ညိုမြိုကောင်း ဆိုသူဖြစ်ကြောင်း နားလည်လိုက်လေ၏။

"ဒီက ကျွန်မတို့စက်ကပဲလားဟင်။ နာမည် ဘယ်လိုခေါ်လဲ"

ညိုမြိုကောင်းက သူ၏သေနတ်ကို လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်ရင်း မေးသည်။

"ဟုတ်ပါတယ်။ ကျော်ဒင်ပါတဲ့"

"ဘယ်လို ဖြစ်ကြတာလဲဟင်"

"ကျုပ်ကို သက်သက်အထင်လွဲပြီး မမေးမစမ်းနဲ့ စထိုးကြတာပဲ"

"ဘာကို အထင်လွဲတာလဲရှင့်"

ကျော်ဒင်သည် တစ်ကိုယ်လုံးတွင် ပေကျံနေသော သစ်ရွက်ခြောက်များ၊ ဖုန်များကို ပွတ်ချနေရင်း ပြန်ဖြေ၏။

mgyoe.com

mgyoe.com


"သူတို့ဖဲဝိုင်းကို ရဲကဝင်ဖမ်းပြီး ဒီကောင်ကို ဖမ်းချုပ်တာ ကျုပ် သတင်းပေးတယ်ဆိုပြီး အထင်လွဲတာပဲ။ မဟုတ်ပါဘူးလို့ ပြောလည်း မယုံဘူး"

"ဩော်... ဒီလိုကိုး။ မသိလို့ မေးပါရစေဦးရှင်။ ဟိုနှစ်ယောက်က ကော ညိုမြိတို့စက်က ကူလီတွေပဲလား"

ညိုမြိကောင်းက ကားလမ်းမကြီးဆီသို့ မျှော်ငေးရင်းမေး၏။

"ဒီစက်က အလုပ်သမားတွေ မဟုတ်ပါဘူး။ ဘအောင် ဘယ်က ခေါ်လာတယ်မသိတဲ့ လူမိုက်တွေ ထင်ပါတယ်"

"ဒါဖြင့် ကိုဘအောင်က လူမိုက်ဆိုပါတော့ရှင် ဟုတ်လား"

"အင်း...ခင်ဗျာ့အဖေက မျက်နှာသာ ပေးထားတော့လည်း ရမ်းချင် သလိုရမ်းနိုင်တဲ့ လူမိုက်ဖြစ်နေတာပေါ့ဗျာ။ ဒီလိုပြောလို့ စိတ်ဆိုးပြီး ကျုပ်ကိုတော့ အလုပ်ဖြုတ် မပစ်တန်ကောင်းပါဘူး"

"ဘာဆိုင်လဲရှင့်၊ ကျွန်မက ဘာပြုလို့ ပြောရမှာလဲ"

"ကောင်းပါလေ့ဗျာ။ အခုလည်း နာမည်ကြီးလွန်းလို့ ရဲက ဖမ်းချုပ်ပေမယ့် ခင်ဗျားအဖေရဲ့မျက်နှာနဲ့ လွတ်လာတာဖြစ်မှာပဲ။ အလုပ် သမားရပ်ကွက်မှာ ရမ်းကားနေတာလည်း ခင်ဗျာ့အဖေရဲ့မျက်နှာ ရှိနေ တော့ ကျုပ်တို့ ဘယ်လောက်ပဲတိုင်တိုင် ရဲက ဘာမှမလုပ်ဘူး"

"ဟင်...ဒါလောက်တောင်ပဲလား"

ညိုမြိကောင်းသည် ကျော်ဒင်အား အံ့ဩထိတ်လန့်သွားဟန်ဖြင့် လှမ်းကြည့်၏။

"အို...ရှင့်နဖူးမှာလည်း သွေးတွေနဲ့ပါလားဟင်။ ကဲ...လာ လာ၊ ကျွန်မ ဆေးတိုက်တစ်ခုခုကို လိုက်ပို့ပေးမယ်"

ယခုမှပင် ကျော်ဒင်၏ဒဏ်ရာကို သတိထားမိသည့်အလျောက် ပျာပျာသလဲပြောလိုက်ရာ ကျော်ဒင်ကိုယ်တိုင်မှာလည်း မိမိ၏ဒဏ်ရာကို

mgyoe.com

mgyoe.com


ယခုမှ သတိထားမိ၏။

"မဖြစ်လောက်ပါဘူးဗျာ"

ကျော်ဒင်က နဖူးကို လက်ဖြင့် ပွတ်သပ်ပစ်လိုက်သည်။

"အို...ဘယ့်နှယ် မဖြစ်လောက်ရမှာလဲ။ အနာထဲကို ရောဂါပိုးတွေ ဝင်ကုန်ရင် ပိုဆိုးမှာပေါ့ရှင်"

"ကိစ္စမရှိပါဘူး ခင်ဗျာ။ ကျုပ်တို့အနေနဲ့ကတော့ ဒါလောက်ဟာ ဒဏ်ရာမဟုတ်ပါဘူး။ ဟုတ်ရင်လည်း ဖုန်နဲ့သိပ်လိုက်တာပါပဲ။ ဒါပေမဲ့ ခင်ဗျားဟာ လူတစ်ဖက်သားကို တကယ်တမ်း ကြင်နာသနား တတ်တယ်ဆိုရင်တော့ ကျုပ်တို့ရပ်ကွက်လမ်းရဲ့ ဟိုဘက်ထိပ်က ခြေပြတ်ကိုဘည်ကြီးတို့ မုဆိုးမ ဒေါ်အေးရှင်တို့ကို သွားပြီးကြည့်ပါ၊ ကူညီပါလို့ တောင်းပန်ချင်ပါတယ်"

ညိုမြိုကောင်းသည် အံ့သြစရာ အကြောင်းအရာတစ်ခုကို ထပ်မံ တွေ့ရှိဘိအလား ကျော်ဒင်အား ထပ်မံစိုက်ကြည့်ပြန်ပါ၏။

"ဘာဖြစ်လို့ သူတို့ကို ညိုမြိုသွားကြည့်ရမှာလဲ ရှင့်"

"သူတို့ကလား။ သူတို့က မညိုမြိုတို့ရဲ့စက်က အလုပ်သမားတွေ ပါ။ ကိုဘည်ဟာ အလုပ်လုပ်ရင်း ပေါင်တံက ပြတ်သွားရှာပါတယ်။ ဒေါ်အေးရှင်ရဲ့ယောကျ်ား ဦးတင်မောင်ခမျာတော့ ဘွိုင်လာပေါက်လို့ ရေနွေးပူလောင်ပြီး သေခဲ့ရရှာတယ်"

"အို...ဖြစ်မှဖြစ်ရလေ ရှင်ရယ်"

ညိုမြိုကောင်းသည် ဝမ်းနည်းသံကလေးဖြင့် စုတ်သပ်ရေရွတ်၏။

ကျော်ဒင်ကတော့ စက်ပိုင်ရှင်ကြီး၏သမီးသည် အဘယ်ရည်ရွယ် ချက်ဖြင့် ဤနေရာသို့ လာရောက်ကာ အမှုအရာတွေ လေ့ကျင့်နေရပါ သနည်းဟု ငေးစိုက်ကြည့်နေမိသည်။ လှပသောမျက်နှာ၊ ဖြူဝင်းသော ရင်ညွန့်၊ ထွားမို့သောရင်။

mgyoe.com

mgyoe.com


"ဒါပေမဲ့ လျော်ကြေးရတယ် မဟုတ်လားရှင့်"

"မရပါဘူးဗျာ။ မင်းတို့ ပေါ့ဆလို့ဖြစ်တာ အဖြစ်တောင် နည်းသေးတယ်တဲ့။ နောက်ပြီး လျော်ကြေးတောင်းမှာစိုးလို့ အလုပ်သမားခေါင်းဆောင်နှစ်ယောက်ကို ဘိန်းပစ်ဖမ်းသလို ကျည်ဆန်ပစ်ဖမ်း ထောင်ချပစ်လိုက်တာ ကျုပ်တို့ အသက်တောင် ပြင်းပြင်းမရှူရဲတော့ပါဘူး"

"ရှင်ပြောတာတွေဟာ တကယ်ပဲလားဟင်"

ညိုမြိုကောင်းအဖို့မှာမူ မယုံကြည်စရာတို့သည် တစ်ခုပြီးတစ်ခု ဆက်၍ ဖြစ်ပေါ်နေလေ၏။

"ကျုပ်က ခင်ဗျာ့ကို ဘာဖြစ်လို့ မဟုတ်တာတွေ ပြောနေရမှာလဲ မညိုမြိုရယ်။ အမှန်တွေ ပြောနေတာတောင် ခင်ဗျားမေးလို့ ပြောရတယ်"

"ရှင်တို့ အလုပ်သမားခေါင်းဆောင်ကို ဖမ်းနှိမ်ထားတော့ကော အစိုးရအလုပ်သမားရုံးတို့ ဘာတို့ ရှိတာပဲ၊ သွားတိုင်ပါလားလို့။ ရှင်တို့ကလည်း ညံ့ပါတယ်"

"အလုပ်သမား ဌာနချုပ်တို့၊ အလုပ်သမားရုံးတို့ ဆိုတာက ခင်ဗျားအဖေရဲ့ အိတ်ထောင်ထဲမှာဗျ မညိုမြိုရဲ့"

"ဝတ်လုံငှားပြီး တရားစွဲရှင့်"

"ဝတ်လုံက အလကား မလိုက်ဘူးဗျ"

"ဒါဖြင့် တညီတညွတ်တည်း သပိတ်မှောက်လိုက်ရှင်"

"ဗျာ"

ကျော်ဒင်က မျက်လုံးပြူးလျက် အော်မိသည့်နည်းတူ ပတ်ဝန်းကျင်၌ လူသူရှိမရှိကိုပါ လှည့်ပတ် အကဲခတ်လိုက်မိသည်။

"ရှင် ဘာကြည့်တာလဲ"

"ခင်ဗျားကို ကျုပ် ကြောက်လာပြီ။ ဒါကြောင့် ပြေးပေါက်ရှာတာပါ"

mgyoe.com

mgyoe.com


"ရှင်"

စက်ပိုင်ရှင်၏သမီးမှာ အံ့သြသွားရပြန်သလို ထိတ်လန့်၍လည်း သွားပေ၏။

"သပိတ်မှောက်ဖို့ ဝေးရော၊ ဆွမ်းခံကြွလာတဲ့ ဘုန်းကြီးရဲ့ သပိတ်ကိုတောင် ရဲရဲမကြည့်ဝံ့ပါဘူးဗျာ"

သည်အပြောကြောင့် ညိုမီကောင်းမှာ သွားစွယ်ကလေး ပေါ်လာအောင်ပြုံး၍ ကျေနပ်စွာ ရယ်မောနေပြီးမှ...

"ရှင်ပြောတဲ့ ဒေါ်အေးရှင်တို့ ဦးဘည်ံတို့အိမ်ကို ကျွန်မ သွားချင်လို့ လိုက်ပို့ပေးပါလားရှင်"

"အံ့မယ်လေး...မလုပ်ပါနဲ့ဗျာ။ ခင်ဗျာ့ဘာသာ ခင်ဗျားပဲ မေးစမ်းပြီးသွားပါ။ ရှေ့နားတင်ပါ"

"ဘယ်လမ်းလဲ"

"ဟောဟို ညာဘက်ကလမ်းပါဗျာ။ လမ်းဆုံးရင် တွေ့ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ညိုမီကောင်းက ကားပေါ် တက်ထိုင်လိုက်လျှင် ကျော်ဒင်သည် ကားအထွက်ကိုမျှမစောင့် နှုတ်ပင်မဆက်တော့ဘဲ လက်ဝဲဘက်ရှိလမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့ပါလေတော့၏။

* * *

သူလည်း ပုဆိန်ရိုးပင်

မနေ့ဗလဆန်စက် အလုပ်သမားများ စံမြန်းရာ မနေ့ဗလရပ်ကွက်သည် ကြွေလုလုနေ့ဟောင်းကို ဆူညံသောအသံများ ပျားပန်းခပ်ရှုပ်ထွေးသော သွားလာလှုပ်ရှားမှုများဖြင့် နှုတ်ဆက်နေသည်။

mgyoe.com

mgyoe.com


နင်းလိုက်လျှင် ခြေဖမိုးထိမြုပ်သော ဖုန်ထုဖြင့် လွှမ်းရာလမ်းထဲသို့ ဝင်လိုက်မိလျှင်ပင် "မဆို့ချင်နေဟဲ့၊ သေလိုက်၊ မြွေပွေးကိုက်" ဟူသော စပါးထမ်း အလုပ်သမားကြီးတစ်ဦး၏ဇနီး မအေးသောင်း၏ အော်ဟစ် ဆဲဆိုသံနှင့် ကလေးငိုသံက ကျော်ဒင်အား ဆီးကြို၏။ နေ့စဉ်ကြားနေကျမို့ ကျော်ဒင့်အတွက် မဆန်းတော့ပေ။

"ဒီအရည်တွေ နေ့တိုင်း ရှင်သောက်နေမှာတော့ ဟင်းချက်စရာ မဝယ်နိုင်ဘူး ကိုဘကျော်။ ရှင်ပဲ စဉ်းစားကြည့်"

"ဒီသောက်ကမြင်းမ၊ တယ်ပြီး စကားများပါကလား။ ကဲ...လာစမ်း"

"အံမယ်လေး...သေပါပြီတော့။ လာကြပါဦး။ ကျုပ်ကို နှိပ်စက်နေပါပြီ"

နောက်တစ်အိမ်ကျော်သို့ ရောက်လာသည်တွင် ကြားရသောအသံများ ဖြစ်၏။ ထိုအသံကြောင့် မည်သည့်အိမ်ကမျှ ထူးထူးခြားခြား လှုပ်ရှားသောအသွင်ကို မပြကြပေ။ ရိုးနေ၍ထင်၏။

ကျော်ဒင်ကတော့ လန့်ဖျပ်ပြီး အသံလာရာ အိမ်ရှေ့သို့ ပြေးလာပါသေးသည်။ သို့သော် အခြားအိမ်များ၏ အရိပ်အကဲကိုကြည့်ပြီး ပြန်လှည့်လာမိ၏။

ရှေ့တွင်ကားလမ်းတွင် ဖုန်မရှိတော့ပေ။ မျက်နှာချင်းဆိုင်အိမ်များ၏ မီးဖိုချောင်နှင့် ရေချိုးအဝတ်လျှော်ရာ နေရာများမှ စီးဆင်းလာသော ရေများကြောင့် ဗွက်ပေါက်နေသည်။

ကလေးငိုသံကြားရလျှင် ကြားရ၊ မကြားရလျှင် လင်မယား ရန်ဖြစ်နေသော အိမ်များ၏ကြားမှ မယ်ဒလင်သံတစ်ခုက ထူးထူးခြားခြား ထွက်ပေါ်လာ၏။

ဗာဒံပင်ရိပ်တွင် အေးဆေးစွာ တီးမှုတ်နေသော မယ်ဒလင်သမား

mgyoe.com

mgyoe.com


ကို လွန်လာသည့်အခါတွင်ကား ရယ်မောအော်ဟစ်နေသော အရက်ဝိုင်းတစ်ဝိုင်းနှင့် ဆူညံရန်ဖြစ်နေသော အိမ်ထောင်များသာလျှင် လမ်းငယ်၏အဆင်တန်ဆာသဖွယ် ဖြစ်နေလေတော့၏။

ကျော်ဒင်သည် အရက်ဝိုင်းရှေ့သို့ရောက်လျှင် မြန်မြန်လှမ်း၍ မကြားဝံ့မနာသာ ဆဲသံများကြားလျှင် ခေါင်းငုံ့လာ၏။

အိမ်နားနီးလာသည်ဆိုလျှင် အဖေ၏ချောင်းသံကို ဦးစွာကြားရလေ၏။ လှမ်းမျှော်ကြည့်သော် အိမ်ရှေ့တွင် တကုန်းကုန်းနှင့် တစ်စုံတစ်ရာလုပ်သော အမေ့ကို မြင်ရသည့်အတွက် ကျော်ဒင်၏ခြေလှမ်းများ ပို၍သွက်လာသည်။

ကျော်ဒင့်အဖေ ဦးသာမြတ်သည် မဒမတိုင်တဲကလေးကို ဒေါက်ထောက်ပေးနေခြင်း ဖြစ်၏။

"ချောင်းကလည်း ဆိုးနေလျက်သားနဲ့ အဖေရယ် ကျွန်တော် လုပ်မှာပေါ့။ ကဲ...ဖယ်ဖယ် အိမ်ပေါ်တက်နေပါ အဖေ"

ကျော်ဒင်သည် ခရီးရောက်မဆိုက် အိမ်အောက်သို့ လေးဖက်ထောက်ကုန်းဝင်ကာ ဦးသာမြတ်နှင့် မျက်နှာချင်းဆိုင်ထိုင်၍ ပြောလိုက်သည်။

"ဟ...မင်း နောက်ကျလှချည့်လား"

"ဟုတ်တယ်...အဖေ။ ပေး..ပေး၊ ကျွန်တော်လုပ်လိုက်မယ်"

"ပြီးပါပြီကွာ"

ဦးသာမြတ်က အသံအက်အက်ဖြင့်ပြောရင်း ရှေ့မှ လေးဖက်ထောက်ထွက်သွားသဖြင့် ကျော်ဒင်မှာ အိမ်အောက်မှ ထွက်လာရလေ၏ ။

"ဒီနေရာ နိမ့်နေတာ ကြာပြီကွ။ ကနေ့လည်း မင့်ကို ခိုင်းမလို့စောင့်နေတာ။ လူလေး နောက်ကျနေ...ဟ လူလေး၊ မင့်နဖူး ဘာဖြစ်တာ

mgyoe.com

mgyoe.com



လဲ ဟင်”

ဦးသာမြတ်က အိမ်ပေါ်အရောက်တွင် ချွေးသံကို လုံချည်ဖြင့် သုတ်ရင်း ပြောနေရာက ရုတ်တရက် အထိတ်တလန့်မေး၏။ ဒီအသံက တစ်လံသာသာမျှသာဝေးသော မီးဖိုထဲရှိ ဒေါ်ချမ်းသာကို ထိတ်လန့်သွားစေပါတော့သည်။

“ဘာလဲဟင်၊ ဘာလဲ”

ဒေါ်ချမ်းသာက ထဘီအထက်ဆင်ကို လက်သုတ်လျက် အပြေးအလွှား ရောက်ရှိလာ၏။

“ဟင် သွေးတွေတောင် ခြောက်နေပါပေါ့လား သားရယ်”

“မများပါဘူး အမေ။ ဒီလိုပဲ ခြောက်သွားပါလိမ့်မယ်”

“ဘာနဲ့ခိုက်မိတာလဲ လူလေး”

“ခိုက်မိတာ မဟုတ်ပါဘူး အဖေ။ ဘအောင်နဲ့ လူမိုက်နှစ်ကောင်က ဝိုင်းထိုးလို့”

“ဖြစ်ရလေကွယ်”

ဒေါ်ချမ်းသာက ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်ဖိရင်း ကျော်ဒင်၏ ဒဏ်ရာကို လက်တစ်ဖက်ဖြင့် စမ်းသပ်ကြည့်ရာက ရေရွတ်၍ “သားက သူတို့ကို ဘာသွားလုပ်လို့လဲကွယ်”ဟု ဆက်မေး၏။

“တချို့တလေကိုတော့ စကားစပ်မိရင် ဖဲမရိုက်ကြဖို့ ပြောမိပါတယ် အမေ။ ဒါလည်း တစ်ခုပေါ့လေ။ နောက်တစ်ခုကတော့ ဘအောင်တို့ဖဲဝိုင်း အဖမ်းခံရပြီး ဘအောင်အချုပ်ခံရတာမှာ ကျွန်တော့် ပယောဂ မကင်းဘူး စွပ်စွဲကြတယ်။ အခုတော့ အဲဒါတွေပေါင်းပြီး ရန်ရှာတာပါပဲ”

“သားက ဘာဖြစ်လို့ သွားပြီး တားရတာလဲကွယ်။ သူတို့ ဘာသာသူတို့ ဖဲပဲရိုက်ရိုက်၊ ကြက်ပဲတိုက်တိုက် ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့”

mgyoe.com

mgyoe.com



"ဒီလိုလည်း မပြောနဲ့ မချမ်းသာရယ်။ သူသေငါပို့ အလုပ်သမား အချင်းချင်း ဒါလောက်ကလေးပြောတာ လွန်သလားကွာ"

ဦးသာမြတ်က ဝင်ပြောသည်။

"မလွန်ပေမဲ့ အနေသာကြီးပဲတော့"

"မနေသာလို့ ပြောမိတာပါ အမေ။ လခထုတ်တုန်းကပဲ ကြည့်လေ လက်သမားသန်းမောင် လခကလည်းထုတ်လာ၊ အရက်ကလေးလည်း နည်းနည်းချလာ ဖဲဝိုင်းကိုလည်း ဝင်ထိုးမိတော့ သွေးကလေးကြွလာပြီး ဝင်ချလိုက်တာ ဘာပြောကောင်းမလဲ အမေရယ် လခကိုးဆယ်ဟာ အစိတ်ပဲ ပြန်ပါလာတော့တယ်။ လင်မယား သတ်လိုက်ပုတ်လိုက်ကြ တာဟာလည်း ကျော်မကောင်း ကြားမကောင်းနဲ့ သန်းမောင်ခေါင်းကွဲပြီး အချုပ်ထဲရောက်ရော"

"ခေါင်းလည်း ကွဲရသေး အချုပ်လည်း ခံရသေးသလား"

"သြော်...အမေ့နှယ်၊ သူ့မိန်းမကို ဓားနှောင့်နဲ့ထုတာ သေ မလား ရှင်မလား မသိဘူး။ ဒီတော့ ကျွန်တော်တို့ စိတ်ကောင်းနိုင်ပါဦး မလား အမေရယ်။ ဒီဖဲဝိုင်းကိုသာ မဝင်မိရင် သန်းမောင် ဒီလိုလုပ်ပါ့မလားလို့"

"သင်းမိုက်တာကိုး သားရဲ့"

သန်းမောင်ကို ပါးစပ်က အပြစ်တင်လိုက်သော်လည်း ဒေါ်ချမ်း သာသည် စက်လက်သမား သန်းမောင်အတွက် စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်မိပါ၏။

"ပြီးတော့ တစ်လောက ပေါင်ဘက်က သောင်းတင်ကော ဒီလိုပဲ ဖဲဝိုင်းမှာ သူက ဒိုင်လုပ်ရော ရှုံးတော့မလိုလိုဖြစ်တော့ ဖဲလိမ်တာပေါ့။ ထိုးသားတွေကလည်း မသိခင် ဆယ်လက်လောက်တော့ ငုံ့ခံနေကြသေး တာပဲ။ အဲ...ဖဲလိမ်တယ်ဆိုတာလည်းသိရော ဓားနဲ့ ထထိုးလိုက်တာ ဘယ်သူထိုးမှန်း မသိဘူး။ သောင်းတင် အူပွင့်ကျန်ခဲ့ပါရောလား အမေ"

mgyoe.com

mgyoe.com



"သူကလည်း လိမ်သကိုး သားရဲ့"

"ဟော...သောင်းတင့် မသာကို ဆေးရုံကနေပြီး တန်းချပြီးလို့မှ မကြာသေးဘူး ဘအောင် အချုပ်ခံရတယ်"

"သူက သူ့ငွေးတပည့်ပါကွယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ အမေရယ် အလုပ်သမားဟာ အလုပ်သမား ပါပဲလေ။ ဟော...တစ်မြန်တစ်နေ့ကပဲ ဘကျော်တို့အိမ်ကို သွားလည် ရင်း ခင်အေးတို့လင်မယားကို မြင်ခဲ့ရတာ စိတ်မချမ်းမသာ ဖြစ်လိုက်ရ သေး"

ကျော်ဒင်က မီးဖိုထဲသို့ တစ်ချက်လှမ်းကြည့်ပြီးမှ စကားဆက်၏။ အမေဒေါ်ချမ်းသာသည် စကားကောင်းမိပါက ထမင်းအိုးပဲတူးတူး၊ ဟင်း အိုးပဲဝေဝေ မေ့နေတတ်သဖြင့် ဖြစ်၏။

အဲဒီနေ့တုန်းကလည်း ကျွန်တော်နဲ့ ဘကျော်တို့ တွေ့ရာတွေ လျှောက်ပြောနေကြတာပေါ့ အမေရယ်။ ဒါနဲ့ ခင်အေးတို့အိမ်ကို လှမ်း ကြည့်လိုက်တော့ ခင်အေးကလည်း မှိုင်လို့၊ သူ့မယားကလည်း စူလို့။ ကလေးတွေကလည်း ငိုလို့အမေရ။ ဒါနဲ့ ဘကျော်ကို မေးကြည့်တော့ မသိဘူးကွာတဲ့။ ဒါနဲ့ ကျွန်တော်လည်း ဘကျော်နဲ့ စကားသာပြောနေ ရတယ်၊ မျက်စိကတော့ ခင်အေးတို့ လင်မယားဆီရောက်နေတာ။ အဲ တော်တော်လေးလည်းကြာရော သမီးအကြီး လွယ်အိတ်ကလေးကိုင်ပြီး ပြန်လာတော့တာပဲ။ ကလေးက 'အရင်အကြွေးမဆပ်ရင် မပေးနိုင်ဘူးတဲ့ အမေ'လို့လည်း ပြောရော ခင်အေးမိန်းမက 'မြင့်မြင့်တို့အိမ်ဝင်ပြီး မချေးခဲ့ဘူးလား'တဲ့။ ကလေးကလည်း 'ဒေါ်မြင့်မြင့်တို့အိမ်ကလည်း မရှိဘူး ပြောလိုက်တယ်"လည်း ပြန်ဖြေရော...

ခင်အေးမယားက တစ်ခါတည်း ခင်အေးကို လှည့်ပြီး ရန်လုပ် တော့တာပါပဲ အမေရာ။ ဖဲကြီးရိုက်လိုက်ဦး၊ အခုတော့ ဘယ်သူ့အိမ်

mgyoe.com

mgyoe.com



အောက်သွားပြီး ဘာကောက်စားမလဲနဲ့ပေါ့။ ခင်အေးကတော့ တိုတိုပဲ၊ စကားမများနဲ့ ဘာနဲ့ပေါ့လေ။ နောက်တစ်ခွန်းလည်း သူ့မယားက တစ်ခွန်းထပ်ပြောလိုက်ရော ထတဲ့ပြီး ကျုံးကန်လိုက်တာ အိမ်အောက်ကို တလိမ့်ကောက်ကွေးကျလာပြီး မေ့နေလို့ ကျွန်တော်တို့ပဲ ပြေးပြီး နှာနှပ်ဘာလုပ်နဲ့ ပြုစုခဲ့ရတယ်။

"အဲဒီတော့လည်း ကျွန်တော်တော့ ဒီဖဲဟာ ကျွန်တော်တို့ အလုပ်သမားတွေရဲ့ ရန်သူကြီးလို့ပဲ မြင်မြင်လာတော့တယ် အမေရယ်။ ဒါကြောင့် သူငယ်ချင်းတွေကို တားမိတာပါ။ ဒါလည်း စကားစပ်မိမှပါ။ ဒါပေမဲ့ ဘအောင်တို့ဖဲဝိုင်း ဘယ်မှာလုပ်မှန်းလည်း ကျွန်တော် မသိဘူး။ သတင်းလည်း ရဲကို မပေးမိပါဘူး။ ဘအောင်ကျတော့ တစ်မျိုးကိုး၊ သူက သူဌေးပေးတဲ့ငွေနဲ့ တမင်ကိုပဲ ဖဲဝိုင်းမဖြစ်ဖြစ်အောင် လိုက်လုပ်နေရသလားမှ မသိတာ"

"ဒါကတော့ စိတ်ချ လူလေး။ ဘအောင်ဟာ မင်းတို့သူဌေး ကိုစိတ်ကောင်းရဲ့ လက်သပ်မွေး လူမိုက်လုပ်နေတာ သေချာတယ်"

ဦးသာမြတ်က စိတ်ပါလက်ပါဖြင့် ခန့်မှန်းချက်ပေး၏။

"တော်ကလည်း ရမ်းပြီး စွပ်စွဲပြန်ပြီလား"

"မစွပ်စွဲပါဘူးကွာ။ ငါကိုယ်တိုင်ကိုပဲ ဆန်စက်တစ်စက်မှာ သူဌေး လက်ကိုင်တုတ် လူမိုက်လုပ်ခဲ့ဖူးတာပဲ မချမ်းသာ။ မင်းမေ့နေပြီလား။ ဒီတုန်းက မင်းက စပါးလောင်းအလုပ်သမားလေးလေ"

ဒေါ်ချမ်းသာက ပြုံးလိုက်သည်။ ပြုံးခြင်းနှင့်တွဲဖက်၍ ငယ်ပျို ရွယ်နုသော သစ်လန်းမှုကပါ တွဲဖက်ပေါ်သစ် လာလေတော့၏။

ဦးသာမြတ်သည် ထိုစဉ်က သာမြတ်အဖြစ် နာမည်ကြီးခဲ့သည်။

အလုပ်သမားများကို သူဌေးပြုငြင်သောအချက် ရှိပြီဆိုလျှင် စက်ရုံထဲသို့ သာမြတ် ရောက်လာလေတော့၏။ အလုပ်သမားအမည်ခံပြီး

mgyoe.com

mgyoe.com



အလုပ်သမားများနည်းတူ ငွေထုတ်ချိန်၌ ဝင်ရောက်ထုတ်ယူသော်လည်း စက်ရုံထဲ၌ အမှိုက်ကလေးတစ်မျှင်မျှပင် ကောက်ခဲ့ဖူးခြင်းမရှိချေ။ သာမြတ် စက်ရုံထဲဝင်လာသည် ဆိုသည်နှင့် ဘယ်သူ့ထိပ်လဲဟု အလုပ်သမားတွေက တွေးရွံ့ကြလေ၏။

အလုပ်သမားတစ်ယောက်ယောက်ကို မရိုက်နှက်ရဘဲနှင့် သာမြတ်သည် စက်ရုံထဲမှ ထွက်သွားလေ့မရှိပေ။

သာမြတ်တို့ ဘုန်းတန်းပွင့်၏။ သောက်သည်၊ မူးသည်၊ ရမ်းကားသည်။

စစ်ကြိုခေတ်ဖြစ်သော ထိုအချိန်က သာမြတ်၏ သုံးစွဲစားသောက်မှု အဆင့်အတန်းသည် ထိုခေတ် မြို့အုပ်တစ်ယောက်ထက် ပို၏။ ငွေသည် သာမြတ်ထံသို့ သူဌေးထံမှ စီးဆင်း၏။

သာမြတ်ကိုလုပ်လျှင် လုပ်သူအဖမ်းခံရ၏။ သာမြတ်က လုပ်လျှင်ကား သာမြတ် ဘာမျှမဖြစ်။

သာမြတ်သည် မိမိကိုယ်ကို အလုပ်သမားလူတန်းစား တစ်ယောက်အဖြစ် မမြင်နိုင်လောက်အောက်ပင် အခြေအနေကောင်းခဲ့စေကာမူ ကူလီမကလေးမိချမ်းသာကို ဓားပြကာ ဆွဲယူပေါင်းသင်းပြီးနောက် တစ်လမျှအကြာတွင်ကား မိမိ၏ဘဝမှန်ကို သာမြတ် မြင်လာခဲ့ရ၏။

ဖြစ်ရပုံမှာ သာမြတ်၏ဆရာ စက်သူဌေးတွင် သားတစ်ယောက်ရှိရာ သူဌေး၏သားက သာမြတ်၏မယားကို ကျူးကျော်စော်ကားသည်တွင် သာမြတ်က မိမိဆရာ စက်သူဌေး၏သားကို ပါးရိုက်လိုက်သည်။ သာမြတ်သည် သူဌေးထံမှ ထောက်ပံ့ကြေးများ အရပ်ခံရ၏။ ခါးချိုး၍ အလုပ်လုပ်ပါမည် ဆိုသည့်တိုင်အောင် အလုပ်လုပ်ခွင့် မရရုံသာမက ပုလိပ်က ကျော်စောမှုဖြင့်ဖမ်း၍ ထောင်ချလိုက်သည်တွင် မိချမ်းသာမှာ ကျော်ဒင်ကိုပိုက်၍ မိဘများရှိရာ တောသို့ ပြန်ပြေးခဲ့ရ၏။

mgyoe.com

mgyoe.com



သာမြတ် နောင်တရပါပြီ။

ကရုဏာမကင်းသော အလုပ်သမားတွေက သူ့ကို လာရောက်မေးမြန်းကြလေလေ သာမြတ် ရင်ကျိုးလေလေပင်။

"အလုပ်သမားနှင့် ဇာတ်တူသူမှာ အလုပ်သမားမှာ ပါကလား။ ငါ မှားပြီ"

သို့သော် သာမြတ် နောက်ကျခဲ့သည်။

ထောင်ကျပြီးပြန်တော့လည်း သာမြတ် တွေ့ဆုံပေါင်းသင်း ခင်မင်ခဲ့ရသော သူငယ်ချင်း ထောင်သားများမှာ အလုပ်သမားလူတန်းစား နင်းပြားတွေချည်း ဖြစ်၏။ စက်သူဌေးကဲ့သို့သော လူစားများတစ်ယောက်မျှ မပါဝင်ပေ။

မတော်တဆ စက်သူဌေးလို လူစားများ ထောင်ကျလာပြန်လျှင်လည်း သာမြတ်တို့လို မနေရ မစားရပါ။ ကောင်းစွာအိပ်၍ ကောင်းစွာစားနေကြရသည်သာ ဖြစ်၏။ ထိုသူဌေး ထောင်သားများ၏ အလုပ်အကျွေးဘဝသို့သာ သာမြတ်တို့ သက်ဆင်းရပြန်လေ၏။

ကြာလေလေ သာမြတ် နောင်တရလေလေ။ နောင်တရလေတိုင်း အမြင်မှန်ကို မြင်၍မြင်၍လာခဲ့ရာ စစ်အတွင်း ထောင်မှလွတ်ထွက်လာပြီးနောက် သားမယားထံ ပြန်ရောက်လာသည်တွင် သာမြတ်မှာ အပြောင်းလဲကြီး ပြောင်းလဲခဲ့၏။

ထောင်ထွက်မို့ အထင်ကြီးကာ ဆီးကြိုအားကိုးခဲ့ရသော မြေပိုင်ရှင်ထက် ထောင်ထွက်ဆိုကာ ရွံ့ကြောက်ကြီးဖြစ်နေသော လယ်သမားနှင့် လယ်ကူလီများထံသို့သာ သာမြတ်က ချဉ်းကပ်ခဲ့သည်။ ဘဝမှန်လာပြီဆိုတော့လည်း သာမြတ်သည် မှန်ကန်သော တော်လှန်ရေးကြီး၌ တပ်သားတစ်ယောက်အဖြစ် ရောက်ရှိ မြင့်မားလာခဲ့၏။

ယနေ့မူ လူမိုက်သာမြတ်ဘဝက ဒဏ်တွေကို လိုမ့်ခံနေရသည့်

mgyoe.com

mgyoe.com



အတွက် ဇရာဒုလ္လဘာအရွယ် မဟုတ်သေးသည့်တိုင်အောင် ဝေဒနာသည် အဖြစ် လဲတစ်လှည့် ထောင်တစ်ခါဖြင့်သာ သားငယ်ကို မှီခိုနေရလေပြီ။

သို့သော် ဦးသာမြတ်သည် လူမထက်ပေမင့် စိတ်ကား ထက်မြက်နေပေသည်။

"လူလေး အလုပ်ပြုတ်သွားမှာစိုးလို့ အဖေလျှိုနေရပေမယ့် ယုံကြည်ရတဲ့ လူဆိုရင်တော့ အဖေပြောတာပဲ လူလေးရဲ့။ အဖေတို့ ခေတ်တုန်းက အလုပ်သမားတွေမှာ စစ်ဖြစ်ခါနီးမှ အသင်းအဖွဲ့တို့ သပိတ်တို့ဆိုတာ ကြားဖူးကြတော့ မညီညွတ်ဘူး။ မညီညွတ်တော့ ဘာမဟုတ်တဲ့ သူဌေးလူမိုက်ကိုပဲ ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတာပေါ့ကွ။ ဒါကြောင့်လည်း ခွေးလိုနေ ခွေးလိုစားပြီး ခွေးလိုသေခဲ့ကြရတယ်"

"အဖေက ကျွန်တော်တို့ အလုပ်သမားတွေ နည်းနည်းကလေး တိုးတက်တာကိုပဲ မြင်တာကိုး အဖေရဲ့။ အလုပ်ရှင်တွေ အများကြီး တိုးတက်တာကျတော့ မပြောဘူး"

ကျော်ဒင်က ရှည်လျားသောဖခင်၏ စကားအဆုံး၌ ဝင်ပြောသည်။

"အေး…ဒါတော့ အဖေ မသိဘူးကွာ"

"ဘာကြောင့်လဲဆိုရင် ငွေရှင်ကြေးရှင် အလုပ်ရှင်တွေဟာ ဘာပဲပြောပြော စာတော့တတ်တာပဲ အဖေရဲ့။ စာနဲ့ဘာနဲ့ပတ်သက်တဲ့ အကြားအမြင် ဗဟုသုတရှိတော့ သူတို့မှာ ခေတ်နဲ့အညီ တိုးတက်တယ် အဖေ။ အလုပ်သမားကို ဘယ်လို သွေးခွဲရမယ်။ အလုပ်သမားတွေကို ဘယ်လို ညာပြီး လှည့်ပတ်ပြီး ဘယ်လိုဖိနှိပ်မယ်ဆိုတာကို ခေတ်မီမီ သိမြင်လာကြသလောက်…

ကျွန်တော်တို့ အလုပ်သမားတွေကျတော့ စာမတတ် ပေမတတ်နဲ့။ စာတတ်ပြန်တော့လည်း ဖတ်ရှုလေ့လာနိုင်တာ မဟုတ်တော့ တိုးတက်

mgyoe.com

mgyoe.com



ခေတ်မီတဲ့ အလုပ်ရှင်တွေရဲ့ လှည့်ကွက်တွေကို မမြင်တော့ဘူး အဖေ ရယ်။ ဒီအထဲမှာ နိုင်ငံရေး အကွဲကပါ ဝင်လာတော့ ကျွန်တော့်အထင် ပြောရရင် အဖေတို့ခေတ်ကထက်တောင် ဆိုးတယ်လို့ ထင်တယ်ဗျာ။

"အဓိကက တို့အလုပ်သမားတွေ ညီညွတ်ဖို့ပဲ မဟုတ်လား လူလေးရ"

ဦးသာမြတ်က ချောင်းတဟွပ်ဟွပ် ဆိုးနေလျက်က ဆေးလိပ်ကို အငမ်းမရသောက်ရင်း အသီးသီး အနှင်နှင် ဝင်၍ပြော၏။

"ဒါကတော့ ဟုတ်ပါတယ် အဖေ"

"အေး...လွတ်လပ်ရေးအတွက် အသက်ပေးခဲ့တာက အလုပ်သမား၊ လယ်သမားကွ။ လွတ်လပ်ရေး အရသာကိုခံစားပြီး စက်တစ်လုံးက နှစ်လုံးပိုင်ပြီး ချမ်းသာသည်ထက် ချမ်းသာလာတာကတော့ ငွေရှင်ကြေးရှင်နဲ့ သူဌေးတွေကွ။ အလုပ်သမားတွေရဲ့ အိမ်ကျတော့ အဲဒီသူဌေးတွေရဲ့ အိမ်သာတံခါးလောက်မှ မကောင်းဘူး။ အဲဒါလောက် တစ်ဖက်သတ်ဖြစ်နေရတဲ့ တရားခံကတော့"

"ဟုတ်ပါတယ်အဖေ။ ကျွန်တော်တို့ အလုပ်သမားတွေ မညီညွတ်ကြလို့ပါပဲ"

ဦးသာမြတ် ချောင်းဆိုးနေပြန်သဖြင့် ကျော်ဒင်က ဝင်ကူထောက်ခံ၏။

"ဒီလိုလည်း တစ်ဖက်သတ် မပြောပါနဲ့ သားရယ်။ သူတို့ရဲ့ ကမ္ဘာဝစရ ကုသိုလ်အကျိုးပေးနဲ့ တို့တစ်တွေရဲ့ အကျိုးပေးချင်းကလည်း မတူဘူး။ ဒါကလည်း ရှိသေးတယ်လေ"

ဒေါ်ချမ်းသာက မီးဖိုထဲမှ ပြန်ထွက်လာရင်း လှမ်းပြော၏။

ဒေါ်ချမ်းသာကို ဦးသာမြတ်က မျက်စောင်းထိုးကြည့်လိုက်ကာ...

"တော်စမ်းပါကွာ၊ ဘယ်က ကံရမှာလဲ။ မင်းကံက ကံပဲ ကံလွန်း

mgyoe.com

mgyoe.com


တယ်"

"လုပ်ပြီ တော်ကတော့"

"လုပ်ပြီ မဟုတ်ပါဘူး မချမ်းသာ၊ မင်း စဉ်းစားကြည့်ပါ။ ဒါ ကံလား"

"ဟုတ်တယ် အမေရဲ့။ တစ်ကမ္ဘာလုံးမှာ အလုပ်သမားကုဋေ တစ်ရာရှိတယ်ဆိုပါတော့ အမေရာ။ အဲ့ဒီကုဋေတစ်ရာလုံး မွဲငတ်နေ တာဟာ ကံလား။ ကံဆိုရင် အနည်းဆုံး လေးငါးယောက်တော့ ချမ်းသာ တဲ့လူ ရှိရမယ်။ အိုဗျာ...ကံကောင်းတဲ့လူတစ်ယောက်မှ မရှိတော့ဘူးလား ဗျာ"

"ဘယ်က ကံရမှာလဲကွာ။ အလုပ်သမားတွေကို ညစ်ထားတဲ့ ဟာပဲ"

"ဒါပေါ့အဖေ၊ စနစ်မကောင်းတာ မကောင်းတဲ့စနစ်ကြောင့် ကျွန်တော်တို့တစ်တွေ မွဲငတ်ပြီး လူရာမဝင်တဲ့ဘဝ ရောက်နေကြရတာ"

ဒေါ်ချမ်းသာကတော့ ခင်ပွန်းဖြစ်သူနှင့် သားငယ်အား လက် မြှောက်လိုက်ပါပြီ။ ပြုံးပြုံးကြီး ဘေးကထိုင်ကြည့်ရင်း "အင်း... လိုက် လည်းလိုက်တဲ့ သားအဖ။ အတိုင်အဖောက်လည်း ညီကြပါပေတယ်"ဟု ချီးမွမ်းထောမနာ ပြုနေလေတော့သည်။

"အဲဒီတော့ မကောင်းမှန်းသိနေတဲ့ ဒီစနစ်ကိုတိုက်ဖြိုဖို့ မင်းတို့မှာ ဘာလိုသလဲ လူလေး"

"ညီညွတ်ရေးပဲ အဖေ"

"ကဲ...မတော်ကြသေးဘူးလား။ ထမင်းစားကြမယ်လေ။ ဘယ် အချိန်ရှိပြီဆိုတာလည်း သတိထားကြပါဦး"

ဒေါ်ချမ်းသာက ထရပ်ရင်း သတိပေး၏။

ဟုတ်ပါသည်။

mgyoe.com

mgyoe.com



လုပ်သားတို့၏ ခနဗလ ရပ်ကွက်ကလေးမှာ ပိန်းပိတ်အောင် မှောင်နေပါပြီ။

အမှောင်ထုအောက်၌ ပါနေသော ရပ်ကွက်ကလေးသည် ဆင်းရဲသော မီးရောင်ဖန့်ဖန့် ဝါကြင်ကြင်ကလေးမျှဖြင့်သာလျှင် အမှောင်ထုကို ချည့်နဲ့စွာ တွန်းလှန်နေပါသည်။

"အေးလေကွာ"

ဦးသာမြတ်က ထရပ်ရင်း "လူလေး ခုနတုန်းကပြောသလို အလုပ်သမားရုံးကိုတောင် အားမကိုးရတဲ့အချိန်မှာ သိပ်ပြီးလည်း လုပ်မနေနဲ့ဦး။ အမှုဆင်ပြီး ထောင်ချခံနေရဦးမယ်"ဟု ပြောကာ မီးဖိုအနိမ့်ဆင့်ကလေး ထဲသို့ ဆင်းလာသည်။

ကျော်ဒင်က ဦးသာမြတ်၏နောက်မှ ကပ်လိုက်လာရင်း ဖြေ၏။

"မလုပ်ပါဘူး အဖေ။ အခုတော့ ညီညွတ်မှုရအောင်ပဲ အပေါ်ယံ နည်းနဲ့ပဲ လုပ်နေပါတယ်။ ဒါကိုတော့ အပြစ်မယူတန်ဘူး ထင်တာပါပဲ အဖေ"

ဦးသာမြတ်ကတော့ ခေါင်းညိတ်ရုံသာ ညိတ်ပြရင်း ထမင်းလုတ်များကိုသာ တစ်လုတ်ပြီးတစ်လုတ် ငုံ့လွေးနေ၏။

အပြင်ဝယ် အမှောင်ရိပ်က ကြီးစိုးနေသည်။ ကလေးငယ်များ၏ ငိုကြွေးသံ၊ ကလေးတို့၏ အော်ဟစ်မြူးထူးသံနှင့် တစ်စုံတစ်ယောက်၏ သီချင်းညည်းသံတို့ တစ်ချက်တလေ ထွက်ပေါ်လာခြင်းမှအပ လုပ်သား ရပ်ကွက်ကလေးမှာ အတိတ်ကြီး တိတ်ဆိတ်နေသည်။

ကျော်ဒင်သည် ထမင်းစားပြီးလျှင်ပြီးချင်း မန်နေဂျာ၏အိမ်သို့ သွားမည်ပြောကာ ထွက်လာခဲ့၏။

ရပ်ကွက်တွင်း၌ မီးမရှိချေ။ လမ်းမီးမရှိသည့်အတွက် ကျော်ဒင်မှာ ရွံ့ဗွက်ကျင်းချိုင့်များကို ဂရုတစိုက် ရှောင်ကွင်းဖြတ်သန်းလာရ၏။

mgyoe.com

mgyoe.com


မန်နေဂျာ ဗလသောင်း၏အိမ်ဘက်သို့ နီးကပ်လာသည်နှင့်အမျှ သံသေးသံကြောင် တေးသံများကို ကြားလာရ၏။ ဗလသောင်း၏အိမ်တွင်းမှ နီယွန်မီးရောင်သည် ခပ်လှမ်းလှမ်းသို့တိုင်အောင် ပျံ့လင်းနေသည်။

သီချင်းသံများသည် ပိုမိုကျယ်လောင်လာ၏။ အမေမွေးသည်မှစ၍ ပတ်မ၊ လင်းကွင်း၊ အိုးစည်၊ ဒိုးပတ်နှင့် ပလွေတို့တွင်သာ သာယာကျက်စားခဲ့သော ကျော်ဒင်၏နားထဲဝယ် မန်နေဂျာဗလသောင်း၏ အသံသွင်းစက်ကြီးခွေမှ မြည်နေသော အနောက်တေးသံ ဒိုးဒိုးဒန့်ဒန့်များကို ကြောင်အော်သံဟုသာ ထင်နေ၏။

ထိုကြောင်အော်သံများသည် မန်နေဂျာ ဗလသောင်းအတွက် များစွာ သာယာဟန်တူ၏။ လွန်စွာ တက်ကြွဖွယ်လည်း ဖြစ်ပုံရသည်။ သူသည် ထိုတေးသံအလိုက် တစ်ယောက်တည်း ကနေချေ၏။

တံခါးဝတွင် ကျော်ဒင် ရပ်လိုက်သောအခါတွင်ကား ဗလသောင်းက တိပ်ရီကော်တာကို လှမ်းပိတ်လိုက်သည်။

"လာဟေ့...ကျော်ဒင်"

ကျော်ဒင်သည် အိမ်ထဲဝင်လာပြီး ဆိုဖာတစ်လုံးတွင် ဝင်ထိုင်၏။

"ညိမရေ ဟေ့...ကေသီ။ ဟောဒီမှာ ကျော်ဒင်ကြီး ရောက်နေပြီကွ။ တစ်ခုခုလုပ်ပါ"

ဗလသောင်းသည် ဧည့်ခန်းအပြင်သို့ လှမ်းအော်သည်။

"အခုပဲ ထမင်းစားပြီးတယ်ဗျ။ ပိုက်ဆံလိုချင်လို့လာတာ။ ပိုက်ဆံပဲပေးပါ"

"အို...ဘယ်လိုလူလဲ။ ကျွေးတာ မွေးတာ၊ ဧည့်ခံတာများလည်း စားသောက်သွားဦးမှပေါ့"

"အားနာစရာလူတွေ ကျနေတာပဲ ကိုကျော်ဒင်တစ်ယောက်က

mgyoe.com

mgyoe.com


လည်း..."

ဗလသောင်း၏ညီမ ကေသီက သံပရာဖျော်ရည်တစ်ခွက်ကို ကြွေလင်ပန်းတစ်ချပ်ဖြင့် ထည့်ယူလာရာက ပြောသည်။

"ထမင်းကို ဝအောင်ပြဲအောင် စားထားတဲ့လူအဖို့ ဘယ်ဟာက အရသာရှိဦးမှာလဲ ကေသီရဲ့"

"သံပရာရည်ကတော့ ပိုလို့တောင် အရသာရှိပါသေးတယ် ရှင်။ ကဲ... အေးအေးကလေး သောက်လိုက်ပါဦး"

ကေသီက သံပရာအဖျော်ရည်ထည့်သော ဖန်ခွက်ကို ကမ်းပေးကာ ကပ်နေသော ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ရင်း...

"ကိုကိုက အလုပ်သမားတွေထဲမှာ ကိုကျော်ဒင့်ကို အခင်မင်ဆုံးရှင့် သိလား။ ငါ မရှိတုန်းလာရင် ကောင်းကောင်းမွန်မွန် ဧည့်ခံပါကွယ် မှာထားပေမဲ့ ကိုကျော်ဒင်ကတော့ မလာပါဘူးရှင်"ဟု မျက်စောင်းထိုးကာ ထိုးကာဖြင့် အပြစ်ဆို၏။

ကျော်ဒင်က ပြုံး၍ဖြေ၏။

"မိန်းမပျိုကလေး ရှိတဲ့အိမ်ကို မိဘမောင်ဖားမရှိဘဲ မလာချင်ဘူး ကေသီ"

"အမယ်... ရှေးဆန်လိုက်တာကွာ"

ဗလသောင်းက အခန်းထောင့်တွင် အရက်သွားမော့ရာက လှမ်းအော်၏။

"ကိုကျော်ဒင်ပြောတာ မှန်တယ်နော်။ ကိုကိုက ပေါ့ပြက်ပြက် လုပ်မပစ်နဲ့"

"အမယ်...မှန်ပစ်လိုက်ပြန်ပြီ"

"ကိုကို့စကားက ဘာစကားလဲ။ ညီမက အကောင်းပြောတာ သိလား။ ဘယ်လောက်ပဲ ခေတ်မီတယ်၊ ခေတ်ရှေ့က ရောက်နေပါတယ်

mgyoe.com

mgyoe.com


ပြောပြော တကယ့်တကယ် အရေးအကြောင်းကျတော့ ရှေးဆန်တယ် ဆိုတဲ့နယ်နဲ့ မလွတ်ဖူးနော် ကိုကိုသတိထား"

"ကဲ...ခင်ဗျားတို့မောင်နှမပဲ ရန်ဖြစ်နေကြ။ ကျွန်တော်တော့ ပြန်မယ်။ ညနေက ချေးထားတဲ့ပိုက်ဆံ ပေးကြဗျို့"

ကျော်ဒင်က အဖျော်ရည်ဖန်ခွက်ကို ချလိုက်ကာ ထရပ်သည်။

"ပေးမှာပေါ့ကွာ။ ရောက်တဲ့အခိုက်ကလေးများ စကားပြောပါ ဦးဟ"

"စကားကောင်းနေတာနဲ့ တော်တော်ကြာ မေ့သွားရင် ပဲပြုတ်သည် က မနက်ကျရင် ဆဲလိမ့်မယ်"

"ဒါဖြင့်ရင် ပေးထားလိုက်စမ်းပါ ကေသီရယ်။ ဒါမှ ဒီကောင် စကားဖြောင့်ဖြောင့်တန်းတန်း ပြောလို့ရမှာ။ လုပ်စမ်း လုပ်စမ်း"

ကေသီက ဖန်ခွက်ကို ဗန်းထဲထည့်ကာ အခန်းထဲသို့ ဝင်သွား လေသည်။

ကေသီ ပြန်ထွက်လာသောအခါတွင် နှစ်ဆယ်တန် ငွေစက္ကူတစ် ရွက်ပါလာကာ ကျော်ဒင်၏လက်ထဲသို့ ထည့်လိုက်သည်။ ကျော်ဒင်မှာ လည်း ငွေရမှ အပူအေးသွားကာ ဖြောင့်ဖြောင့်ဖြူးဖြူး စကားလက်ဆုံ ကျနိုင်လေတော့၏။

* * *

**အစတစ်စကို ဆွဲသည်တွင်**

ဤအချိန်ဝယ် မနေ့ဗလဆန်စက်သူဌေး ဦးစိတ်ကောင်းနှင့် ဇနီး စက်သူဌေးကတော် ဒေါ်မေမေလှ၊ သမီး ညိုမြကောင်းတို့၏ နှစ်ထပ် တိုက်ကြီးအောက်ထပ်တွင်ကား ဦးစိတ်ကောင်းသည် မိမိ၏ ဆူဖြိုးရွှဲအိ သော ကိုယ်ခန္ဓာကြီးကို လေးလံစွာသယ်ပိုးလျက် အပန်းဖြေ သီးသန့်ခန်း

mgyoe.com

mgyoe.com



ကလေးထဲတွင် လဲလျောင်းရင်း ညဥ့်ဦးကာလ၏ သာယာလှပခြင်း အရသာကို ဝီစကီတစိမ့်စိမ့်သောက်ကာ ခံစားနေပေ၏။

အိမ်စေများသည် နောက်ပိုင်းတွင် တိတ်ဆိတ်သေဝပ်စွာ သွားလာ လုပ်ကိုင်နေကြ၍ သူဌေးကတော်ကြီးသည် တိုက်အပေါ်ထပ်၌ ကြည်နူး ချမ်းမြေ့စွာဖြင့် ဘုရားအာရုံပြုနေ၏။ ညစောင့်ဒရဝမ်သည် တိုက်ရှေ့ တံခါးဝ၌ ငြိမ်သက်စွာ ထိုင်နေသည်။

မေဖလားဝါး ကားနက်ကလေးသည် ဒရဝမ် ဗဟာဒူးရှေ့ ငြိမ့်ခနဲ ထိုးရပ်၏။ ဗဟာဒူးသည် အပြေးအလွှား တံခါးဖွင့်ပေးကာ ဆလံပေး သည်။ ညိုမြကောင်းသည် ကားပေါ်မှ လေးတွဲ့စွာဆင်း၍ တိုက်ထဲသို့ ဝင်လာ၏။

ဒရဝမ်၏ ရိုသေကျိုးနွံခြင်းသည် ညိုမြကောင်း၏ နောက်ကျိုနေ သောစိတ်ကို မလန်းစေနိုင်သည့်နည်းတူ ညချမ်း၏အလှအပများမှာ လည်း ညိုမြကောင်း၏ လျစ်လျူရှုထားခြင်း ခံနေရပေ၏။

ညိုမြကောင်းသည် ဧည့်ခန်းရှိ ရေဒီယိုဂရမ်ကို ဖွင့်သည်။

မြူးပျံ့ထကြွသော တေးတစ်ပုဒ် လွင့်ဝဲထပျံ့လာ၏။ သို့သော် ညိုမြကောင်း၏ မှိုင်းအုံ့နေသော မျက်နှာက ကြည်လင်မလာပေ။

သူက ချက်ချင်းပိတ်ပစ်လိုက်ပြီး ဆက်လျှောက်လာသည်။

"သမီးလားဟေ့"

ဦးစိတ်ကောင်း၏ အပန်းဖြေခန်းရှေ့မှ ဖြတ်အလျှောက်တွင် ဦးစိတ်ကောင်းက လှမ်းမေးလိုက်ခြင်း ဖြစ်ပေ၏။

"ဟုတ်ပါတယ် ဒယ်ဒီ"

ညိုမြကောင်းသည် ဆက်၍လျှောက်၏။ သို့သော် ချက်ချင်း ပြန်လှည့်၍ ဦးစိတ်ကောင်း၏ အခန်းကလေးထဲသို့ ဝင်လာသည်။

"ညနေ ငါးနာရီလောက်ကပဲ သမီးမိတ်ဆွေ ကျောင်းသူ သုံး

mgyoe.com

mgyoe.com


ယောက်လားမသိဘူး ဖုန်းဆက်တယ်။ ကလပ်စ်မတက်လို့ နေမကောင်းဘူးထင်ပြီး မေးတာပါတဲ့"

သူထိုင်မိလျှင် ဦးစိတ်ကောင်းက စကားစလိုက်ခြင်း ဖြစ်သည်။

"ဘယ်သူတွေလဲ နာမည်ပြောကြသေးလား"

"သမီး မာမီက ပြောတာပါ။ မသိလိုက်ပါဘူး"

"ဒယ်ဒီ"

ညိုမြိုကောင်းသည် သံပန်းခက်များ၏နောက်ရှိ မှောင်တစ်ဝက် လင်းတစ်ပြက် မြက်ခင်းကို လှမ်းကြည့်နေရာက ခေါ်သည်။ ဦးစိတ်ကောင်းက မော့ကြည့်၏။

"ဆိုစမ်း သမီး"

"ဒေါ်အေးရှင်ဆိုတာနဲ့ ဦးဘည်ဆိုတာ ဒယ်ဒီသိလားဟင်"

"ဘာ"

ဦးစိတ်ကောင်းသည် သမီးငယ်အား မျက်လုံးပြူး၍ ကြည့်လိုက်မိတော့သည်။

သည်အခါတွင်တော့ ညိုမြိုကောင်းသည် ဖခင်ဖြစ်သူ၏ မျက်လုံးများထဲတွင် မုသားလက္ခဏာများ မည်မျှရှည်လျားသိုက်ဝန်းစွာ စုပုံနေကြောင်းသိရန် စူးစမ်းသည့်အလား အေးဆေးစွာ ပြန်ကြည့်လေ၏။

ဦးစိတ်ကောင်းသည် မလုံလဲသောစိတ်ဖြင့် မျက်နှာလွှဲလိုက်၏။

"သမီး... အဲဒီလူနှစ်ယောက်ရဲ့အိမ်ကို ကနေ့ ညနေရောက်ခဲ့တယ် ဒယ်ဒီ"

"ဘာ"

သည်တစ်ခါတော့ ဦးစိတ်ကောင်းသည် ထရပ်လိုက်မိ၏။ သို့ပေသည့် ပျက်သွားသောဣန္ဒြေကို ချက်ချင်း ပြန်ဆည်သည့်အလား မူလနေရာမှာ ပြန်ထိုင်လိုက်သည်။ သို့သော် ချက်ချင်းပြန်ထမိပြန်ပြီး "အေးရှင်

mgyoe.com

mgyoe.com


ဘည်း ဟုတ်လား”ဟု မေး၏။

“ဟုတ်ကဲ့”

ဦးစိတ်ကောင်းမှာ တစ်ဖန်ပြန်ထိုင်၍ အရက်ခွက်ကို ဆောင့်ချသည်။

“သမီး ဒီစကားကို ဘာကြောင့် ပြောတယ်ဆိုတာ ဒယ်ဒီ စဉ်းစားလို့ မရဘူး”

“ရှင်းပါတယ် ဒယ်ဒီ။ သူတို့နှစ်အိမ်ထောင်ရဲ့ အဖြစ်ဆိုးကို သမီး မြင်ခဲ့ရတဲ့အကြောင်းကို ပြောချင်လို့ပါ”

“ဒီလူတွေဆီကို ဘာကိစ္စနဲ့ သမီးက သွားရတာလဲ။ အဲဒါကိုတော့ ဒယ်ဒီ သိချင်တယ်”

ညိုမြိကောင်းက ပြုံး၏။

“အကြောင်းတစ်ခုကြောင့် သူတို့သတင်းကိုရတာနဲ့ သမီး ရောက်သွားတာပါပဲ”

ဦးစိတ်ကောင်း မျက်မှောင်ကြုတ်သွား၏။

“ဘယ်သူပြောလို့ ဘာကိစ္စဆိုတာဟာ အကြောင်းမဟုတ်ပါ ဒယ်ဒီရယ်။ သမီးတော့ စက်ညပ်လို့ ခြေတစ်ဖက်ဖြတ်ပစ်ရပေမယ့် လျော်ကြေးတစ်ပြားမှလည်း မရတဲ့အပြင် အမှိုက်လှည်းအလုပ်ကလေး၊ ဂုန်အိတ်ဖာအလုပ်ကလေးတောင် မရတဲ့ ဦးဘည်းတို့မိသားစုကို မြင်ခဲ့ရတာ သိပ်သနားတာပဲ”

ဦးစိတ်ကောင်းသည် အရက်ခွက်ကို အလျင်အမြန်မော့ချကာ စီးကရက်ထုတ်ညှိရင်း ညိုမြိကောင်းကို အကဲခတ်နေသည်။

“တစ်ခါ ရေနွေးအိုးပေါက်လို့ အပူလောင်ပြီး သေသွားရတယ်ဆိုတဲ့ ကိုတင်မောင့်ဇနီး မအေးရှင်ဆိုလည်း ကလေးငယ်ငယ်လေးနဲ့ ထွက်ပြီးဈေးရောင်းရှာတယ်။ ဒါပေမဲ့ ချို့ချို့ငဲ့ငဲ့ နေကြရတာပါပဲ။

mgyoe.com

mgyoe.com



သမီးမေးကြည့်တော့ သူတို့လည်း လျော်ကြေးတစ်ပြားမှ မရဘူးတဲ့"

"လျော်ကြေး"

ဦးစိတ်ကောင်းက အသံသြကြီးဖြင့် ရေရွတ်လိုက်ပြီးနောက် ခြောက်ကပ်ကပ် ရယ်မောလေ၏။

"နေပါဦး။ သမီးက ဒီက အလုပ်သမားဆိုတဲ့လူတွေရဲ့ အကြောင်းကို ဘယ်လောက်နားလည်သလဲ။ ကဲ...ဒယ်ဒီ့ကို ပြောစမ်း"

"အလုပ်သမားဆိုတာ ကုန်ထုတ်လုပ်မှုတိုင်းမှာ မပါရင် မဖြစ်တဲ့ အင်အားတစ်ရပ်လို့ သမီးနားလည်ထားပါတယ် ဒယ်ဒီ"

"စာအုပ်ထဲကဟာတွေကို ပြောမနေစမ်းနဲ့ သမီး။ ဒီကောင်တွေဟာ လျော်ကြေးလိုချင်တာနဲ့ ကိုယ့်လက်ကိုယ့်ခြေကို စက်ထဲထိုးမထည့်ဘူးလို့ သမီး ပြောရဲသလား ကဲ"

ညိုမိကောင်းသည် မွေးသဖခင်၏မျက်နှာကို မော့ကြည့်လိုက်မိသည်။

သမီး မော့ကြည့်ကြောင်းသိသဖြင့် ဦးစိတ်ကောင်းက ကြိုးစား၍ ပြုံး၏။

"ခင်ဗျားတော့ ဒီအဆုတ်နာနဲ့ တစ်နှစ်အတွင်း သေမှာမုချပဲလို့ ဆရာဝန်က ပြောလိုက်တဲ့အတွက် အဆုတ်နာနဲ့တော့ အသေမခံဘူး။ လျော်ကြေးရအောင်လုပ်ပြီး အသေခံမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘွိုင်လာကို ပိတ်ထားတယ်ဆိုရင်ကော သမီးယုံမလား"

"ရက်စက်လှချည့်လား ဒယ်ဒီရယ်"

"သမီး မယုံဘူးဆိုတာ ဒယ်ဒီ သိပါတယ်ကွယ်။ သမီးတို့ နှလုံးသားက သန့်ရှင်းဖြူစင်တယ် မဟုတ်လား"

ဦးစိတ်ကောင်းက ကျေနပ်စွာဖြင့် ပြုံး၏။

"သမီး ဝမ်းနည်းတယ် ဒယ်ဒီ။ ဒယ်ဒီဟာ ကိုယ့်စီးပွားဖက် အလုပ်

mgyoe.com

mgyoe.com



သမားတွေအပေါ်မှာ ဒါလောက်အထိ ခါးခါးသီးရက်စက်တဲ့ စိတ်ထား မွေးမြူထားတာတွေ့လို့ သမီး သိပ်ဝမ်းနည်းတယ်"

"ဟော…ဒယ်ဒီက ဘာရက်စက်လို့လဲ"

"စာမတတ် ပေမတတ်နဲ့ အရိုင်းအစိုင်းစာရင်းထဲ အသွင်းခံထား ရတဲ့ လယ်သမားတွေတောင် သူတို့ရဲ့နွားတွေကို ယုယကြ၊ ချစ်ခင်ကြ ပါတယ်။ ဒယ်ဒီကတော့ ကိုယ့်အလုပ်သမားတွေကို နွားလောက်မှ တန်ဖိုး မထား၊ ချစ်ခင်ရကောင်းမှန်း မသိတာဟာ လူ့ကြင်နာမှုတရား တစ်ခုတည်း နဲ့ပဲကြည့်ဦး ဒယ်ဒီဟာ ရက်စက်လွန်းနေပြီ"

"ဘုရားရေ"

ဦးစိတ်ကောင်းက မျက်လုံးပြူး၍ ရေရွတ်လေ၏။

"ဒယ်ဒီ့မှာ ကြင်နာမှုတရား၊ စာနာမှုတရား လုံးဝကင်းမဲ့လို့သာ ဒီလိုစကား ပြောရက်တာ။ ဒယ်ဒီ စဉ်းစားကြည့်ပါ။ ကိုယ့်အသက်ကို ဒယ်ဒီ အဆုံးစီရင်ရဲသလား။ ဒယ်ဒီ့ကိုယ်အင်္ဂါကို ဒယ်ဒီ အချွတ်ယွင်း ခံရဲသလား"

"ခက်တယ်ကွယ်"

"မခက်ပါဘူး ဒယ်ဒီရယ်။ ဒယ်ဒီ့မှာ ကြင်နာမှုဆိုတာ မရှိချင်နေ ပါ။ ကိုယ်ချင်းစာတရားလေးတစ်ခုပဲ မွေးကြည့်စမ်းပါ။ ဒယ်ဒီရဲ့အလုပ် သမားတွေဟာ အခုထက်တက်ကြွလာပြီး ဒယ်ဒီရဲ့အလုပ်လည်း ပိုပြီး တွင်ကျယ်လာမှာ သေချာပါတယ် ဒယ်ဒီရယ်။ အခုတော့ အလုပ်သမား တွေကို ထားလိုက်တာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ လျော်ကြေးကလေး လောက်မှ မတောင်းရဲအောင် ကိုဘအောင်ဆိုတဲ့လူမိုက်ကို အသုံးချပြီး…"

"တော်…တော်"

ဦးစိတ်ကောင်းသည် တောင့်တောင့်ကြီးထရပ်ကာ လက်ဝါးကာ၍ အော်လိုက်၏။

mgyoe.com

mgyoe.com



"တော်တော့သမီး။ ဒယ်ဒီ့စိတ်ကို အနှောင့်အယှက်မပေးပါနဲ့"

ညိုမြိုကောင်းကတော့ ဖခင်၏စကားကို လိုက်နာခြင်းလား၊ မောသဖြင့် ရပ်နားနေခြင်းလားမသိ ဦးစိတ်ကောင်းကိုသာ စူးစိုက်ကြည့်နေ၏ ။

"ဘအောင်ဟာ အလုပ်သမားပဲ။ ပြီးတော့ လုပ်ခလိုချင်လို့ဝင်အလုပ်လုပ်တဲ့ အလုပ်သမားကို လုပ်ခပေးလိုက်ပြီးပြီ။ တစ်ခါ သူတို့အသွားအပြန် လွယ်ကူအောင် မြေကွက်ဝယ်ပေးထားတယ်။ နောက်ရေဘုံပိုင် သွယ်ပေးထားတယ်။ အခုလည်း လမ်းမီးသွယ်ပေးဖို့ မြူနီစီပယ်က အရာရှိကြီးတွေကို ကပ်ထားတယ်။ ဘာလိုသေးလဲ"

ဦးစိတ်ကောင်းသည် ကုလားထိုင်၌ ပြန်ထိုင်လိုက်ကာ...

"ဒယ်ဒီရဲ့ ငွေအား၊ အကြံဉာဏ်စွမ်းအားနဲ့ အခုလို ကြီးပွားနေတာ၊ အောင်မြင်နေတာပါ သမီးရယ်။ ဒီအလုပ်သမားဆိုတာ ငွေပေးနိုင်ရင်အမှိုက်ထက် ပေါသေးတယ်။ ဘာမှအရေးစိုက်စရာမရှိဘူး။ ဒါထက်ပိုပြီးကောင်းတဲ့ အခွင့်အရေးလိုချင်ရင် ဆိုင်ရာက တောင်းပေစေ"

"ဆိုင်ရာဆိုတာကို သူတို့အလုပ်သမားတွေ မသွားရဲသလို ဝတ်လုံဆိုတာမျိုးကလည်း သူတို့ရုံးခန်းကို အလုပ်သမားတွေ ဝင်ခွင့်မပေးပါဘူး ဒယ်ဒီ"

"ကဲ...သမီး တော်လောက်ပြီထင်တယ်။ ဒါတွေဟာ ဒယ်ဒီရဲ့ကိစ္စတွေ"

"သမီးမှာ ဒါလောက်တော့ ပြောနိုင်ခွင့်..."

"တော်တော့လို့ ငါပြောနေတယ်"

"သမီးက ဒယ်ဒီရဲ့အန္တရာယ်..."

"ထပ်မပြောနဲ့"

ဦးစိတ်ကောင်းသည် ကုန်း၍အော်လိုက်ပါတော့၏။

mgyoe.com

mgyoe.com



သည်မျှပြောရုံဖြင့် သည်မျှ ဒေါသတကြီးဖြစ်နေသော ဖခင်အား ညို့မှိုင်ကောင်းက ဆက်မပြောရန် ဆုံးဖြတ်လိုက်သည်။ သို့ကြောင့် မျက်လွှာချလျက် ထရပ်လိုက်သည်တွင် မိခင်ဒေါ်မေမေလှက အခန်းဝတွင် မားမားကြီးရပ်လာ၏။

"အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်ကြတာလဲ ကိုကောင်းရယ်။ ဘုရားဝတ်ပြုတာလေးမှ ဖြောင့်ဖြောင့် မပြုရပါကလား"

"မင်းသမီး... မင့်သမီး"

ဦးစိတ်ကောင်းက ဒေါသရှိန်မလျှော့သေးဘဲ အော်၏။

"ရှင့်မှာ ဒေါသ၊ မောဟတွေနဲ့ ဖုံးနေပါကလား ကိုကောင်းရဲ့။ နေပါဦး သမီးက ဘာသွားပြောလို့လဲ"

ဦးစိတ်ကောင်း၏ သွင်ပြင်မူရာက ခက်ထန်ကြမ်းတမ်းသလောက် ဒေါ်မေမေလှ၏ သွင်ပြင်ရုပ်ဝါက နူးညံ့အေးချမ်းသလို ဦးစိတ်ကောင်းက ဒေါသတကြီး ဖြစ်နေသည်နှင့်အမျှ ဒေါ်မေမေလှက သိမ်မွေ့စွာ မေးမြန်းလေသည်။

"သမီးပြောတဲ့ စကားထဲမှာ ဒယ်ဒီစိတ်ဆိုးလောက်စရာ မပါဘူးထင်ပါတယ် မေမေ"

"ဒါထက် စိတ်ဆိုးစရာကောင်းတာ မရှိတော့ဘူးဟေ့၊ နားလည်လား"

ဦးစိတ်ကောင်း၏ အသံကတော့ ကျယ်လောင်မြဲ ကျယ်လောင်၏။

"အေးအေးသက်သာ ပြောစမ်းပါရှင်။ ကဲ...သမီး ပြောစမ်းကွယ်"

"သမီးက အလုပ်သမားတွေ ဖြစ်သလိုနေကြရတဲ့အကြောင်း ပြောမိတာနဲ့"

"ဟော့...ဟော့"

mgyoe.com

mgyoe.com



ဦးစိတ်ကောင်းက ထရပ်ကာ ခေါင်းကြီးစောင်းလျက် လက်ဆန့်ပြီး လက်ဝါးကာပြ၏။

"ဒီလို ခြုံမပြောနဲ့ သမီး။ ဘည်တို့ဆီကို ဘာကိစ္စသွားသလဲဟင်။ အေးရှင်တို့ဆီကိုကော ဘယ်သူက အသွားခိုင်းသလဲ။ ဒါဟာ သမီး အလုပ်လား။ ကဲ...ပြောစမ်းလေ"

"ဒါလောက်နဲ့တော့ ဒေါသတကြီးဖြစ်ဖို့ မသင့်ပါဘူး ကိုကောင်း ရယ်။ အကျိုးဘယ်သို့ အကြောင်းဘယ်လိုဆိုတာ အေးအေးချမ်းချမ်း ရှင်းပြလိုက်ရင် ပြီးတာပါပဲရှင်"

"နေပါဦး။ မင်းက မင့်သမီးကို မဆုံးမဘဲ ငါ့ကိုလာပြီး ဆုံးမနေရ အောင် ငါက မင်းသားလားဟင် မေမေလှ"

"အင်း...မောဟတုံး၊ ဒေါသတုံး၊ အဝိဇ္ဇာတုံးကြီးကို လာပြီးပြောနေ မိတော့တာပါကလား။ ကဲ...သမီး သူ့ကို ပြောမနေနဲ့၊ လာလာ။ ကိုယ့် အဖေအကြောင်းလည်း ကိုယ်သိလျက်သားနဲ့ကွယ်။ လာလာ"

ဒေါ်မေမေလှက အလျှော့ပေး၍ သမီးကို ခေါ်ထုတ်သွားသည့်တိုင် အောင် ဦးစိတ်ကောင်းကတော့ ဒေါသတကြီး အော်လိုက်ပါသေး၏။

"အေး...ဟုတ်တယ်။ ငါကတော့ ချမ်းသာဖို့နဲ့ စည်းစိမ်တိုးတက် ဖို့ပဲ ကြံစည်နေတဲ့ အဝိဇ္ဇာတုံး၊ မောဟတုံးပဲဟေ့။ အမိုက်တိုက်ဖုံးနေတဲ့ ကောင်နဲ့ စကားမပြောချင်လည်း တောထွက်ပေတော့"

သည့်နောက်တွင်တော့ 'ဘက်'မရှိသဖြင့် ဦးစိတ်ကောင်း၏ ဒေါသမီးလျှံသည် တဖြည်းဖြည်း အစွယ်ကျိုးသွား၏။ သို့သော် မီးသည် တငွေ့ငွေ့ကား ကျွမ်းလှိုက်နေဆဲသာ။

ဦးစိတ်ကောင်းသည် ဝိစကီကို တမြိန့်မြိန့်သောက်ရင်း "ဒီရွှံ့တော ဗွက်တောထဲက ကြက်သိုက်ငှက်သိုက်တွေထဲကို ဘယ်သူသွေးဆောင်လို့ ငါ့သမီးကလေး ရောက်သွားရတာလဲ"ဟု အစရှာလျက် ရှိသည်။

mgyoe.com

mgyoe.com



အစကို ရှာမိပေပြီ။

အစကို ငင်မိကိုင်မိရန်သာ လိုတော့၏။

ဦးစိတ်ကောင်းသည် တစ်ညလုံးလိုပင် မိမိသမီး ပြောဆိုသွားသော စကားများအတွက် နာကြည်းခံပြင်းနေခဲ့၏။ မကျေမချမ်း ဖြစ်နေခဲ့၏။

ထိုမကျေနပ်ချက်ကို ဦးစိတ်ကောင်းသည် နောက်တစ်နေ့ နံနက်၌ စက်တွင်းသို့ သယ်ဆောင်လာခဲ့တော့သည်။

အချိန်မှာ လုပ်သားများအလုပ်ဆင်း၍ စက်စတင်လည်ပတ်စပင် ရှိသေး၏။

"ဟော့ကောင်တွေ… ဟော့ကောင်တွေ"

မလာဖူးဘဲ ထူးထူးကဲကဲ စောစီးစွာရောက်လာသော သူဌေးကို မြင်သဖြင့် မန်နေဂျာဗလသောင်းက နေရာတကျ မဖြစ်သေးသော အလုပ်သမားများကို လှမ်း၍သတိပေးနေစဉ် ဦးစိတ်ကောင်းက မန်နေဂျာ ခန်းထဲသို့ ရောက်လာလေ၏။

"ဂွတ်မောနင်း ဆရာ"

"အေး…ဘအောင်ရောက်ပြီလား။ သွားကြည့်ပြီး တွေ့ရင် ငါ့ဆီ လွှတ်လိုက်ကွာ"

မန်နေဂျာ ဗလသောင်းသည် အလျင်အမြန် ထွက်သွားသည်။

ဦးစိတ်ကောင်းမှာ စားပွဲပေါ်ရှိ စာအုပ်များစာရွက်များကို စိတ်မပါဘဲ ဆွဲယူ၍ လှန်လှောကြည့်နေ၏။ ထို့နောက် စီးကရက်တစ်လိပ် ညှိ သောက်၏။

"ခေါ်ခဲ့ပါပြီဆရာ။ အခုပဲ ရောက်လာပါလိမ့်မယ်"

"မင်းအပြင် ထွက်နေကွာ။ ငါနဲ့ဘအောင်နဲ့ စကားပြောစရာရှိလို့"

သို့စဉ်တွင် ဘအောင်ရောက်လာသဖြင့် ဗလသောင်းမှာ အပြင် ထွက်ပေးရသည်။

mgyoe.com

mgyoe.com



"စောစောစီးစီး ဆရာ ဘယ်သူနဲ့ စိတ်ဆိုးလာသလဲ"

ဘအောင်က ဦးစိတ်ကောင်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်း မေး၏။

"ဒါ ထားပါကွာ။ ငါသိချင်တာ တစ်ခုရှိလို့"

"ဟုတ်ကဲ့ဆရာ"

"မနေ့တုန်းက ငါ့သမီးနဲ့ ဒီက အလုပ်သမားတွေထဲက ဘယ်သူနဲ့ တွေ့တာ မြင်သလဲဟေ့"

"မတွေ့၊ အဲ...အဲ"

ဘအောင်သည် ဦးစိတ်ကောင်း၏ သုန်မှုန်နေသော မျက်နှာကို တစ်ချက်အကဲခတ်လိုက်ပြီး သူ့စကားကို ပြင်ပြော၏။

"မနေ့တုန်းက ကျော်ဒင်ကို ကျွန်တော် ဆုံးမနေတုန်းမှာ မမလေး ရောက်လာပြီးတားလို့ ကျွန်တော် ထွက်သွားရတယ်ဆရာ။ အဲ... ကျော်ဒင်နဲ့ စကားပြောကျန်ခဲ့ကြသလား ဘာလားတော့ ကျွန်တော် မသိဘူး"

"ဘယ်ကျော်ဒင်လဲကွာ"

"ဖွဲပြာထမ်းတဲ့ဘက်က ဆရာရယ်"

ဦးစိတ်ကောင်း၏ အာရုံထဲသို့ ကျော်ဒင် ဝင်ရောက်မလာပေ။ အလုပ်သမားအသင်းမှ ဒုတိယဥက္ကဋ္ဌ ဘခက်သာလျှင် ဦးစိတ်ကောင်း၏ ခေါင်းထဲသို့ ဝင်လာ၏။

"ဘယ်ကျော်ဒင်လဲကွ"

"သူတို့ရဲ့ ပျက်နေတဲ့အသင်းက တွဲဖက်အတွင်းရေးမှူး ကျော်ဒင် ဆရာရယ်"

"ဩော်...ဒီကောင်လား"

ဦးစိတ်ကောင်းသည် မန်နေဂျာ ဗလသောင်းအား ခေါင်းညိတ်ပြ

mgyoe.com

mgyoe.com



ကာ "ကျော်ဒင်ဆိုတဲ့ ဖွဲပြာထမ်းတဲ့ကောင် သွားခေါ်လိုက်စမ်း" ဟု အမိန့်ပေးပြီးနောက်...

"ကဲ...ဆိုစမ်းဟေ့။ အဲဒီ ကျော်ဒင်ဆိုတဲ့အကောင် ဒိုပြင် ဘာတွေ လုပ်သေးလဲ"ဟု ဘအောင်အား ဆက်လက်မေး၏။

"ဒီကောင် ဖွဲပြာထမ်းနေ"

"ဘာလဲ မင်းက ငါ့ကို မလေးမခန့် ပြောသလား၊ ဟုတ်လား"

ဘအောင် မျက်နှာပိုးသတ်လိုက်ရသည်။

"မှားသွားပါတယ် ဆရာ"

"တော်စမ်း...ခွေးသား။ ငါမေးတာက ဒီကောင်ဟာ အလုပ်သမား တွေကို သွေးထိုးပေးနေသလား။ အခွင့်အရေးတောင်းဖို့ လူစုနေသလား ဆိုတာကို မေးတာ"

"ဒီကောင် ကျွန်တော့်ကိုကြောက်လို့ မလှုပ်ရဲပါဘူးဆရာ။ မနေ့ည နေက ကျွန်တော် အုပ်ထည့်လိုက်တာ တစ်ခါတည်း ဝပ်နေတာပဲ"

"အေး... ကောင်းတယ်ဟေ့... ကောင်းတယ်"

ထိုစဉ်တွင် အခန်းဝသို့ ကျော်ဒင်က ရောက်ရှိလာလေ၏။

ဘအောင်သည် ထရပ်လိုက်ပြီး "ဘာလဲဟေ့"ဟု မာန်မဲမေးလေ သည်။ ကျော်ဒင်ကတော့ ဦးစိတ်ကောင်း၏ မျက်နှာကိုကြည့်လျက် ဝင်လာ၏။

"မေးနေတာ မကြားဘူးလား"

သူဌေးရှေ့မို့ ဘအောင်သည် ကျော်ဒင်အား ဖိဟောက်သည်။ အင်္ကျီရင်ဘတ်ကို စုဆွဲသည်။ တစ်ဖက်သတ် စော်ကားလာတော့လည်း ကျော်ဒင်က ဘအောင်၏လက်ကို ပုတ်ချပစ်သည်။

"သြော်...မင်းက ငါ့ကို တွန်းလားထိုးလား လုပ်တယ်ပေါ့ လေ"

ဘအောင်မှာ အရှက်ကြီးရှက်သွားကာ ကျော်ဒင်၏မျက်နှာပေါ်သို့

mgyoe.com

mgyoe.com


လက်သီးတစ်လုံး ပစ်သွင်း၏။ ကျော်ဒင်က ငုံ့ရှောင်ပြီး ဗိုက်တစ်ချက် ပါးချိတ်တစ်ချက် ပြန်တီး၏။ ဘအောင် ထိုင်ကျသွားသည်။

"ကျွန်တော်ဆရာ့ကို မရှိသေလို့ မဟုတ်ပါဘူး ဆရာ။ ဒီကောင် သက်သက်လာပြီး စော်ကားလို့ ခုခံတာပါ။ ဆရာမကျေနပ်ရင် ကြိုက်သလို ဆုံးမပါဆရာ။ ကျွန်တော် ခံပါ့မယ်"

ကျော်ဒင်က ဦးစိတ်ကောင်းအား ရိုသေကျိုးနွံစွာ ပြောသည်။

"အပြောကတော့ ယဉ်လိုက်တဲ့ဖြစ်ခြင်း၊ အင်း...ပျော့ပျော့နဲ့ ပူမယ့်ကြောင်ချေးပဲ"

ကျော်ဒင်၏ ရိုသေကျိုးနွံမှုက ဦးစိတ်ကောင်း၏ ကျေနပ်မှုကို မပေးကြောင်း၊ ဦးစိတ်ကောင်း၏ တင်းမာသောမျက်နှာထားနှင့် သရော်သော စကားလုံးတို့က သက်သေပြနေပေ၏။

ဦးစိတ်ကောင်းက သရော်လိုက်ချိန်တွင် ဘအောင်က ခါးကြားမှ မောင်းချဓားကို ထုတ်လိုက်သဖြင့် "ဟေ့ကောင်...ငြိမ်ငြိမ်ထိုင်နေစမ်း"ဟု ဦးစိတ်ကောင်းက မာန်သဖြင့် ဘအောင်မှာ ငြိမ်သွားရသည်။

ထို့နောက်...

"မင့်ကို ဘာကိစ္စခေါ်တယ် ထင်သလဲ"

ကျော်ဒင်အား မေး၏။

"မသိပါဘူး ခင်ဗျာ"

"အခုတစ်လော မင်းဟာ တော်တော်ခြေသွက်နေတယ် ကြားတယ်"

"ဒါဟာ တစ်ယောက်ယောက်က ချောက်တွန်းတာ ဖြစ်ပါလိမ့်မယ် ဆရာ။ မယုံရင် အလုပ်သမားအားလုံးကို ခေါ်မေးပါ။ ကျွန်တော် ဘာမှမလုပ်ပါဘူး"

"မင့် စကားကို ငါမယုံဘူး။ မနေ့ညနေတုန်းကကော ငါ့သမီးကို

mgyoe.com

mgyoe.com


မင်း ဘာတွေပြောလိုက်သလဲ”

“ဆရာ့သမီး”

ကျော်ဒင်သည် အပြစ်လွတ်မည့် စကားလုံး ရှာမရအောင် ဖြစ်သွားသည်။

“ဟုတ်တယ်။ ငါ့သမီးနဲ့ မင်းနဲ့တွေ့တာကို ဘအောင် မြင်ခဲ့တယ်တဲ့”

ကျော်ဒင်မှာ ကျိတ်၍ သက်ပြင်းချလိုက်ကာ “ကျွန်တော်လည်း ဘအောင်နဲ့ ရှေ့ဆင့်နောက်ဆင့် ထွက်သွားတာပါပဲ ဆရာ။ စကားပြောဖို့ ဝေးလို့ ရဲရဲတောင်မကြည့်ဝံ့တဲ့ ဘဝပါခင်ဗျာ”ဟု လုပ်ကြံစကား ဆိုလိုက်ရသည်။

“သရော်တာလားကွ”

“မဟုတ်ပါဘူး ဆရာ”

“ဘည်းတို့ အေးရှင်တို့အိမ်ကို လိုက်ပို့တာ မင်း မဟုတ်လား”

“မဟုတ်ပါဘူး ခင်ဗျာ”

“မင်းမဟုတ်လို့ ဘယ်သူရှိမလဲ။ မင်း ငါ့ကိုလိမ်ရင် ဒုက္ခတွေ့မယ်”

“ကျွန်တော် ဘာမှ မပြောမိတာတော့ အမှန်ပါပဲ ဆရာ။ ဒါမှ မကျေနပ်လို့ ဒုက္ခပေးလည်း ကျွန်တော့်မှာတော့ ငုံ့ခံဖို့ကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး။ အဲ...တစ်ခု တစ်ခု တစ်ခုတော့ရှိတယ် ဆရာ”

ကျော်ဒင်သည် မလိမ်လျှင် မဖြစ်တော့သော အခြေအနေတွင် ပိတ်မိနေသူဖြစ်ရာ စကားများများပြောပြီး လုပ်ကြံဇာတ်တစ်ခုကို စဉ်းစားရာ ဇာတ်ကွက်တစ်ခုကို စဉ်းစားရမိသွား၏။

“တိုတိုပြောကွာ ဘာလဲ”

“ကျွန်တော် ထွက်လာပြီး လမ်းထဲရောက်မှ ပြန်ကြည့်တော့ ဆရာ့

mgyoe.com

mgyoe.com


သမီးရဲ့ကားဟာ ထွက်မသွားသေးဘူး ဆရာ။ ကားဘေးမှာ မိန်းမတစ်ယောက်နဲ့ ရပ်စကားပြောနေတာတော့ မြင်မိပါတယ်"

"အေး...ကောင်းပြီ၊ သွားတော့။ ဟော့ဟော့...ပြန်လာခဲ့စမ်း"

ကျော်ဒင်သည် ဦးစိတ်ကောင်းအား စိုးရိမ်စွာကြည့်ရင်း ရပ်လာရပြန်သည်။

"နောက်တော့မှ ငါ့ကို အဆိုးမဆိုနဲ့၊ အခု မင့်ကို တစ်ခါတည်း သတိပေးလိုက်တာပဲ။ စက်ရုံထဲမှာရော ရပ်ကွက်ထဲမှာ မင်း ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့။ ဒါပဲ သွားတော့"

"ကျွန်တော် ဘာမှ..."

"ဟော့...မင်း ငါ့ကို ဘာမှ ဆင်ခြေတက်နေစရာ မရှိဘူး။ သွားဆိုရင် သွားတော့"

ကျော်ဒင် ဆက်မပြောရဲပေ။ သူဌေး၏အမိန့်အတိုင်း ထွက်ခွာသွားရတော့သည်။

ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို ထောင်ထဲ ဖမ်းထည့်ခံရပြီးနောက် ဘခက်နှင့် ကျော်ဒင်ဦးစီးသော အမှုဆောင်အဖွဲ့မှာ နားရွက်သော်မျှ ရဲရဲမခတ်ဝံ့ကြသောအချိန်။ ဘယ်နေ့ ထမင်းအိုးကွဲပါမည်နည်းဟု ရင်မနေရသော ကာလဝယ် ကျော်ဒင်မှာ မည်သို့လျှင် အမှန်ပြောရဲပါမည်နည်း။ အဘယ်သို့သောသတ္တိဖြင့် လွန်ဆန်ဆန့်ကျင်ဝံ့ ပါမည်နည်း။

"ဒီကောင်ကို ကောင်းကောင်းကြီး ဆုံးမရဦးမယ်"

ဘအောင်က ကျော်ဒင်အား နောက်ပိုင်းမှ လှမ်းကြည့်ရင်း ကြုံးဝါး၏။ ဦးစိတ်ကောင်းက သရော်ပြုံး ပြုံးလိုက်သည်။ ဘအောင်မှာ အနေရအထိုင်ရ ခက်သွား၏။

ဒါကို အရသာခံကြည့်နေပြီးမှ...

"သိပ်ပြီး ငါ့ရှေ့မှာ လေကျယ်မနေစမ်းနဲ့ ဘအောင်။ အခု ငါပြော

mgyoe.com

mgyoe.com


မယ့်ကိစ္စက နည်းနည်းသတိထားဖို့လိုတယ်။ ငါ့ပယောဂလို့ လူမသိစေချင်ဘူး”

“စိတ်ချပြီး အမိန့်ရှိပါ ဆရာ”

ဘအောင်က စိတ်အားထက်သန်စွာဖြင့် ရှေ့တိုးရင်းပြော၏။

“မင်းတို့ အလုပ်သမားရပ်ကွက်ထဲမှာ ခြေပြတ်ဘည်ဆိုတာရယ်၊ နောက်မကြာခင်က ရေနွေးပူလောင်ပြီး သေသွားတဲ့ တင်မောင်၊ အဲ...အဲ သူ့မိန်းမ အေးရှင် သူတို့ကို ရပ်ကွက်ထဲမှာ မရှိစေချင်ဘူးကွာ”

“ဘာဖြစ်လို့လဲ ဆရာ”

“ဘာဖြစ်လို့ဆိုတာဟာ မင်းအလုပ် မဟုတ်ဘူးဆိုတာ နားလည်စမ်း ဘအောင်။ လျှာရှည်တာ ငါမကြိုက်”

“အစ်ကိုကြီးကော ဆရာ”

သို့စဉ်တွင် ချိုလွင်အေးကြည်သော အသံကလေးက အခန်းဝမှ ထွက်ပေါ်လာသည့်အတွက် ဦးစိတ်ကောင်း၏ ခက်ထန်သောမျက်နှာမှာ ပျော့ပြုံးပြုံး ကြည်သောအသွင်သို့ ပြောင်းလဲသွားလျက် အခန်းဝသို့ မော့ကြည့်လိုက်သောအခါ...။

* * *

**သစ္စာတရားကို မှောင်ချရန် အားထုတ်ခြင်း**

မန်နေဂျာခန်း၏ တံခါးဝတွင် နို့နှစ်ရောင်လုံချည်၊ နိုင်လွန် အထူလက်တိုအင်္ကျီ၊ အဖြူရောင် ပလတ်စတစ်ပန်းကလေး တစ်ပွင့်ပန်လျက် မားမားစွင့်စွင့် ရပ်လာသော အသက်နှစ်ဆယ်အရွယ် အမျိုးသမီးသည် ရဲတင်းစွာပင် အခန်းထဲသို့ ဝင်လာ၏။

“ကိုကို ဘယ်သွားလဲ ဆရာ”

အနားကပ်ကာ ထပ်မံမေးလိုက်တော့မှ ဦးစိတ်ကောင်းမှာ သိက္ခာ

mgyoe.com

mgyoe.com


ဆည်ရန် သတိရပြီး "ရှိပါတယ် ကေသီ။ ထိုင်လေ"ဟု အသက်မရှူဘဲ ပြောလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် ဆရာ။ ကေသီ သွားစရာရှိသေးလို့ ကိုကို့ကို လာပြောတာပါ။ သွားမယ်နော် ဆရာ"

"ကောင်းပါပြီဗျား။ အင်း...ကေသီတို့များ မတွေ့ရတာ ကြာလို့ ပိုပြီးလှလာတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ကေသီသည် ပြောပြောဆိုဆို စက်ရုံထဲသို့ လှည့်ဝင်သွားလေ၏။

"ဒီလို ကျက်သရေရှိတာလေးတွေ မြင်ရတာ ရင်ထဲမှာ အေးချမ်းမသွားဘူးလား ဆရာ"

ဘအောင်က အလိုက်သိစွာ စကားခင်းပေးလိုက်၏။

ဦးစိတ်ကောင်း ပြုံးသည်။ လှိုက်လှိုက်လှဲလှဲ ပြုံးသည်။

"ဘယ့်နှယ် ပြောပါလိမ့်ကွာ။ အသက်ကို လေးဆယ်လောက် ပြန်ငယ်သွားတယ် သိလား"

"ချစ်စရာလည်း ကောင်းတယ်နော် ဆရာ"

"ဟ...ဒီလို လှပပျိုမျစ်တာကလေးကိုမှ ချစ်စရာကောင်းတယ် မပြောရင် မင့် ဘွားအေကို သွားပြောမလား"

"ဟဲ...ဟဲ စိတ်မရှိပါနဲ့ ဆရာ"

ဦးစိတ်ကောင်းက ရွှင်လန်းစွာ ပြုံးနေချိန်တွင် ဘအောင်မှာ ရဲတင်းစွာ အရောဝင်လာပေသည်။

"ဒီကောင်မလေးကွာ တကယ်တကယ်။ ငါ့မျက်စိအောက်မှာပဲ တစ်နေ့တခြား ကြီးကြီးလာ၊ လှလှလာလိုက်တာ"

"ဒီကောင်မလေးကို ဆရာလိုချင်ရင် ရအောင် ကျွန်တော် ကြံပေးနိုင်တယ် ဆရာ"

mgyoe.com

mgyoe.com


ဦးစိတ်ကောင်းသည် ခေါင်းညိတ်လိုက်ပြီးမှ ဘအောင်အား ဆတ်ခနဲလှည့်ကြည့်ကာ မျက်မှောင်ကုတ်ထား လိုက်မိသည်။

"မင်း ငါ့ကို တဏှာရူးထင်နေသလား။ အရွယ်ချင်းပဲ ကြည့်ပါဦး။ ဒါဟာ ငါ့သမီးညိုမြိုနဲ့မှ တစ်ရွယ်တည်းပါကော။ မင်းမို့ ပြောရက်ပလေကွာ။ ပြီးတော့ ကိုယ့်တပည့်တပန်းရဲ့ နှမ"

"ကျွန်တော် တောင်းပန်ပါတယ် ဆရာ"

ဘအောင်မှာ ချက်ချင်းပြောင်းလဲသွားသော ဦးစိတ်ကောင်း၏ မျက်နှာထားနှင့် လေသံကြောင့် မျက်နှာငယ်ကလေးဖြင့် တောင်းပန်၏။

ထိုသို့ ဘအောင် အနေကျုံ့သွားခြင်းကိုကြည့်၍ ဦးစိတ်ကောင်းက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး...

"လောကမှာ အလှအပကို မမြတ်နိုးတဲ့ လူရယ်လို့ ဘယ်ရှိပါ့မလဲ ဘအောင်ရာ"

ဦးစိတ်ကောင်းက ထရပ်ရင်း...

"ဒါပေမဲ့ လူဆိုတာ ကိုယ့်အရွယ်၊ ကိုယ့်သိက္ခာကို ထောက်ထားစောင့်ထိန်းရသေးတယ် ဘအောင်။ မင်း နားမလည်ဘူး"ဟု ဆက်လက်ပြော၍ အပြင်သို့ထွက်လာ၏။ ဘအောင်က သူ့နောက်ပါးမှ ကပ်လိုက်လာပြီး ကားတံခါးကို ပြေးဖွင့်သည်။

"ကဲ... ငါသွားမယ်။ ဘည်တို့ကိစ္စကို မေ့မနေနဲ့နော်"

"ဟုတ်ကဲ့ ဆရာ"

"ငါ့နာမည် တစ်စွန်းတစ်စ မပါစေနဲ့နော်။ ကြပ်ကြပ်သတိထား"

"စိတ်ချပါ ဆရာ"

ဦးစိတ်ကောင်း၏ ကောင်ဆယ်ကားကြီးသည် ချက်ချင်းပင် စက်ရုံဘေးမှ အရှိန်ပြင်းစွာဖြင့် မောင်းနှင်ထွက်ခွာသွားလေ၏။

စက်ကြီးက ဟိန်းညံသောအသံဖြင့် လည်ပတ်ခုတ်မောင်းနေ၏။

mgyoe.com

mgyoe.com


အလုပ်သမားများသည် စက်ကြီးလည်ပတ်နေနိုင်စေရန် ပြာယက်သူကယက်၊ မီးပေါင်ချိန်သူကချိန်၊ ဆီထိုးသူကထိုး၊ ပြည့်သော ဆန်အိတ်များကို ချုပ်သူကချုပ်၊ အိတ်ကျစာရင်းကို မှတ်သူကမှတ်၊ စပါးလောင်းသူက လောင်းဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်နေကြသော်လည်း ဤသို့သော မိမိတို့ စုပေါင်းလုပ်ကိုင်မှုမှရရှိသော အကျိုးကျေးဇူးကို ခံစားကြီးပွားနေသော အလုပ်ရှင်သည် တစ်ချိန်က မိမိတို့ကဲ့သို့ပင် စက်ကြီး၏ ကောင်းကျိုးချမ်းသာကို ထမ်းဆောင်ခဲ့ရသော ဘဝတူ အလုပ်သမားကြီးတစ်ယောက်အား မကောင်းကြံစည်နေကြောင်း အလျှင်းမရိပ်မိကြချေ။ ရိပ်မိခဲ့သော်၊ သိရှိခဲ့သော် မည်သို့ နေကြပေမည်နည်း။

*

ဓနဗလရပ်ကွက်ငယ်သည် ညဥ့်အမှောင်အောက်ဝယ် အားနည်းမှိန်လျော့သော မီးရောင်များဖြင့် ဆူညံနေ၏။

အချို့အိမ်များသည် ထမင်းစားဆဲ၊ အချို့ကား ရေချိုးဆဲ၊ ရေခပ်ဆဲ။

ကလေးငယ်များသည် အမှောင်အားနည်းသော နေရာများတွင် အကြောင့်ကြကင်းစွာ အော်ဟစ် ပြေးလွှားကစားနေကြသည်။

၂ လမ်း၏ တစ်ဖက်ထိပ်ရှိ ဓနိတဲငယ်ကလေး တစ်လုံးအတွင်းတွင် အလုပ်သမားလင်မယားသည် တစ်စုံတစ်ရာကို အချီအချပြောနေကြ၏။ သူတို့နှစ်ယောက်၏ဘေးရှိ ရေနံဆီမီးတိုင်ခွက်မှာ လေမလာပါဘဲနှင့် ငြိမ်းသေလုလု ဖြစ်နေ၏။

ယောက်ျား၏ဘေးဝယ် ချိုင်းထောက်တုတ်ကြီးတစ်ချောင်း ရှိသည်။ သို့ရာတွင် ဝါးကို ဂုန်နီအိတ်ကြိုးများဖြင့် ချည်နှောင်ပြုလုပ်ထားသော ဘုရားစူး ချိုင်းထောက်ဖြစ်ပေ၏။ သူကား ခြေပြတ်ကိုဘည်

mgyoe.com

mgyoe.com


ပေတည်း။

သူ့မျက်နှာကို စိုးရိမ်စွာကြည့်နေသူမှာ သူ့ဇနီးဖြစ်ကာ စက္ကူပြတ်သို့တိုင် မီးလောင်နေပြီဖြစ်သော ဆေးလိပ်မှ စက္ကူပြတ်ကို ဆွဲခွာနေရင်းက...

"ကျွန်မတို့ ဘယ်ကို သွားကြမလဲဟင်"ဟု တုန်ယင်သောအသံဖြင့် မေး၏။

"မီးတိုင်ထဲကို ရေနံဆီလေးဘာလေး ထည့်ပါဦးဟာ။ ငြိမ်းတော့မယ်"

ကိုဘည်းက ဇနီးသည်၏အမေးကို စိတ်မဝင်စားဟန်ဖြင့် ပြော၏။

"ရေနံဆီထားလို့ ကိုဘည်းရယ်၊ ထမင်းချက်ဖို့ ဆန်တောင် ကနေ့ည နောက်ဆုံးပါရှင်"

"တို့ အလုပ်သမားတွေ ကြားထဲမှာ နေသရွေ့တော့ တို့တစ်သက်မငတ်ဘူးဟ။ ဘာမှမပူနဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဘအောင်က မနေရဘူး ပြောနေတော့ ခက်တာပေါ့"

"မခက်ပါဘူးကွာ"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲရှင့်၊ ကဲ..."

ဇနီးသည်ကတော့ ခင်ပွန်းကိုဘည်းကိုသာလျှင် အားကိုးတကြီးကြည့်နေ၏။

"ဘယ့်နှယ့်မှ မလုပ်ပါဘူးကွာ။ ဒီမှာပဲ နေလိုက်ရင် ပြီးတာပဲ"

"မဖြစ်ပါဘူးရှင်"

ကိုဘည်းက ဇနီးအား စူးစူးဝါးဝါး ကြည့်လိုက်သည်။ သူ့အကြည့်ကို ဇနီးခမျာ မခံနိုင်ပါ။

မှန်ပေသည်။ ကိုဘည်း၏ မျက်လုံးများမှာ တစ်ဖက်သားရင်မဆိုင်

mgyoe.com

mgyoe.com



ရဲအောင် ဒေါသခိုးများ သမ်းမိုးနေပါသည်။

"ဘာပြုလို့ မဖြစ်ရမှာလဲ။ ဘအောင်မကလို့ ဘအောင်ရဲ့ ဖအေ လာပေစေဟေ့။ ငါ့ဘဝမှာ သန်းခေါင်ထက် ညဥ့်မနက်ပါဘူး"

"စိတ်နောက်ကို ကိုယ်မပါနိုင်တော့တဲ့ဘဝမှာ ဒေါသရှေ့ထားရင် မှားမှာပေါ့ရှင်"

"ငါက ဘာလုပ်လို့ မှားရမှာလဲ။ အေး...တစ်ခုတော့ ရှိသပေါ့ကွာ။ ကိုယ်အင်္ကျီချို့တဲ့ခံပြီး ကြိုးကြိုးပမ်းပမ်း အလုပ်လုပ်ခဲ့မိတာ တစ်ချက်တော့ ငါ မှားသွားတယ် အနွံ့ရယ်"

ကိုဘည်းက နာကြည်းသံကြီးဖြင့် ပြော၏။

"အဲဒီလို ကိုယ်လက်ချို့တဲ့သွားလို့ ထိုက်သင့်တဲ့ လျော်ကြေး ကလေး ဘာလေးရရင် တော်သေးတာပေါ့ရှင်။ ဒါလေးနဲ့ တစ်နေရာကို အေးအေးဆေးဆေးရွှေ့သွားပြီး ရောင်းဝယ်စားရအောင်"

"လျော်ကြေး။ ဟား...ဟား...ဟား၊ သူ့အမေတဲ့ လျော်ကြေးကြီး။ စာရွက်ပေါ်မှာတော့ ညာဘက်ခြေထောက်ဆိုရင် ဘယ်လောက်၊ ဘယ် ဘက်ဆိုရင် ဘယ်ရွေ့၊ လက်ဆိုရင်လည်း ဘယ်ညာခွဲပြီး လျော်ကြေးပေး တယ်လို့ ရှိတယ်ဆိုတာ ကြားဖူးပါရဲ့။ ဒါပေမဲ့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး အဖမ်းခံရပြီးတဲ့နောက်မှာ ကျန်ခဲ့တဲ့ဘခက်နဲ့ ကျော်ဒင်တို့တောင် အီး ကျယ်ကျယ် မပေါက်ရဲတဲ့ဘဝ ရောက်နေမှတော့ ဒီသောက်လျော်ကြေးကို ဘယ်လိုလုပ်ပြီး ရနိုင်တော့မှာလဲဟ"

"ဒါကြောင့် ပြောတာပေါ့ရှင်။ တစ်နေရာကို ပြောင်းဖို့ စိတ်ကူး ပါလို့"

"ပြောင်းဖို့ ဟုတ်လား"

"ဟုတ်တယ်လေ"

"ပြောင်းတော့ ဘယ်ကို ပြောင်းမလဲ၊ ပြောစမ်းပါဦး"

mgyoe.com